www.burmeseclassic.com

# ရှားလေဥဗေဒင်နှင့် ဘာသာပြန်ကဗျာများ

တက္ကသိုလ် ဘုန်းနိုင်

www.burmeseclassic.com

www.burmeseclassic.com

# ပါဝင်သော ကဗျာများ


၁။ ရှားလော့ဒေဝီ

LADY OF SHALOTT

— Alfred Tennyson.

၂။ ကရုဏာမဲ့သည့် လှဒေဝီ

LA BELLE DAME SANS MERCY

.... John Keats.

၃။ စိန့်အဂ္ဂနစ်တခါကြို ညချမ်း

THE EVE OF St. AGNES

.... John Keats.


www.burmeseclassic.com

www.burmeseclassic.com

# ကဗျာမိတ်ဆက်

ကမ္ဘာ့ ကဗျာစာပေ လိုက်စားသူတိုင်း လော့ဒ်တင်နဆင် ခေါ် အဲလ်ဖရစ်ဒ်တင်နဆင် (Alfred Tennyson) ကို သိကြသည်။

သူ့ကဗျာအားလုံးအနက် နှလုံးသားကို ဆွဲယူဖမ်းစားသည့် ကဗျာကိုပြောပါဆိုလျှင် ရှားလော့ဒေဝီ (The Lady of Shalott) ဟု မဆုတ်မဆိုင်း ဖြေကြလိမ့်မည်။

မှန်လည်းမှန်သည်။ သည်ကဗျာက တစ်ခါ ဖတ်မိလျှင် နှလုံးသားရှိသူတိုင်း ရင်မှာ ဖျောက်၍မရတော့။

သူ့ကဗျာ ဇာတ်လမ်းကို ဆန်းကြယ် လွမ်းဖွယ်သော ဥရောပ၏ ရှေးရှေး အလယ်ခေတ်၌ နောက်ခံပြုထားသည်။

ကမ္ဘာဦး ခေါ်မ ဂန္ဓဝင် ဇာတ်ဆန်း (Myths) များပြီးလျှင် လက်ဂျင် (Legend) ခေါ် သမိုင်းဆန်သည့်ပုံပြင် ကဗျာ ဇာတ်လမ်းများကို မူလက ရိုးမင်စ် (Romance) ဘာသာဖြင့် ရေးသားခဲ့ကြသည်။ ရိုးမင်စ် ဘာသာကား ခရစ်နှစ် (၂၀၀) ခန့်မှစ၍ ဥရောပတိုင်းပြည်အများတွင် သုံးခဲ့ကြသည့် အနိမ့် လက်တင် (Low Latin) ဘာသာ ဖြစ်သည်။

ပြင်သစ်ဘာသာ၊ စပိန်ဘာသာ စသည်တို့သည် အနိမ့် လက်တင်ဘာသာမှ ဆင်းသက်လာကြသည်။

ယင်း ဘာသာတို့ကို ပေါင်း၍ ရိုးမင်စ်ဘာသာများဟု ခေါ်သည်။ လွမ်းဖွယ်ဆန်းကြယ်သော ဇာတ်လမ်းများကို

www.burmeseclassic.com

www.burmeseclassic.com

မူလကရိုးမင်စ်ဘာသာနှင့် ရေးခဲ့သောကြောင့် ကာလ ရွေ့လျောသောအခါ လွမ်းဖွယ်ဆန်းကြယ်သော ကဗျာများ၊ စာပေများကို ရိုးမင်စ်များဟု ခေါ်လာကြတော့သည်။

ကမ္ဘာကသိသော ဥရောပရိုးမင်စ်ကြီး နှစ်ခု ရှိသည်။ တစ်ခုကား နီးဘလွန်း၏ လက်စွပ် (The Ring of Nibelung) ခေါ် ဇာတ်လမ်းကြီးဖြစ်သည်။ ထိပ်သီး ဂီတ ဆရာကြီး ဝက်ဂနာ (Wagner) က ဂီသသရုပ်ဖော်ပြဇာတ်ကြီး ရေးခဲ့၍ ကမ္ဘာကျော်သည်။

နောက်တစ်ခုကား ဘုရင်အာသာနှင့် သူ့စားပွဲဝိုင်းထိုင် သူရဲကောင်းများ (King Arthur and the Knights of the Round table) ဖြစ်သည်။

ဘုရင်အာသာနှင့် သူ့သူရဲကောင်းများကား အနော်ရထာနှင့် သူ့သူရဲကောင်းများနှင့် အလွန်တူပါသည်။

အာသာ၏ သူရဲကောင်းများကို ကြက်ခြေနီ တံဆိပ်တော်ဆောင် သူရဲကောင်းများဟု ခေါ်သည်။ ဘုရားသခင်၊ ဘုရင်ဌမင်းမြတ် (နိုင်ငံတော်)နှင့် ချစ်သူကိုသာ ဒူးထောက်သစ္စာခံကြသည့် အာဇာနည်များတည်း။

ဘုရင်အာသာ၏ မြို့တော်ကြီး၏ အမည်ကား ကင်မလော့ Camelot ဖြစ်သည်။ သူ့သူရဲကောင်းများအနက် အရဲရင့်ဆုံး၊ အထင်ရှားဆုံး၊ အချောဆုံးကား ဆာလင်းစ်လော့ (Sir Lancelot) ဖြစ်သည်။ အာသာဘုရင် မိဖုရား ဂွင်နဗားရ် (Guinevere) ၊ ဆာလင်းစ်လော့တို့၌ အနော်ရထာ၊ မဏိစန္ဒာခင်ဦး၊ ကျန်စစ်သားတို့၏ လွမ်းဖွယ် သုံးပွင့်ဆိုင် အချစ်ဇာတ်လမ်း ထပ်တူညီမှု ရှိကြသည်။

www.burmeseclassic.com

www.burmeseclassic.com

တင်နဆင်က သူ့ကဗျာ ဇာတ်လမ်းကို ဘုရင်အာသာတို့၏ လွမ်းဖွယ်ခေတ်၌ နောက်ခံထားသည်။ ရှားလော့ခမျာ တစ်ခါမြင်ရုံမျှနှင့် အသက်ပေးချစ်ရသူအဖြစ် ဆာလင်း(စ်)လော့ကို ထားသည်။

ဆားလင်း(စ်)လော့၏ ချစ်သူအမှန်ကား ဂွင်နဗားရ်။

မိုးပေါက်လေး တစ်စက်က ကမ္ဘာလောကကြီး တစ်ခုလုံး အကြောင်း ပြောပြနိုင်ကြောင်း ကျွန်တော်ရေးခဲ့ပြီးပြီ။

'ရှားလော့ဒေဝီ'က အချစ်ဟူသည် မိုးစက်လှလှလေး တစ်စက်အကြောင်းပြောပြသည်။ တစ်ပြိုင်နက်တွင် ကမ္ဘာလောကအကြောင်း ပြောပြသွား၏။ ထို့ကြောင့်လည်း ကမ္ဘာကျော်သည်။

ဥရောပကဗျာများကို ကဗျာပုံစံဖြင့် မြန်မာဘာသာ ပြန်မရဟု ဆိုသူက ဆိုနေကြသည်။ ကျွန်တော် မယုံပါ။

မြန်မာစကားလုံး၊ မြန်မာကာရန်၊ မြန်မာကဗျာ စနစ်သည် မည်သည့်ဘာသာနှင့် ရေးသားထားသည့် ကဗျာကို မဆို ဘာသာပြန်နိုင်စွမ်းရှိကြောင်း လက်တွေ့လည်း စမ်းပြပါသတည်း။

**တက္ကသိုလ်ဘုန်းနိုင်**
**၇–၆–၈၉**

www.burmeseclassic.com

www.burmeseclassic.com

# THE LADY OF SHALOTT

## PART (1)

On either side the river lie
Long fields of barley and of rye,
That clothe the wold and meet the sky;
And through the field the road runs by
        To many-towered Camelot;

And up and bown the people go,
Gazing where the lilies blow
Round and island there below,
        The island of Shalott.

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

# ရှားလော့ဒေဝီ

## အခန်း တစ်

### (က)

မြစ်ကမ်းသာနှစ်ဖက်ကြောမှာလ၊
လောကမြေတန်ဆာဆင်လို့၊
ကောင်းကင်ခြေဆုံကာတွေ့သည်ထိ၊
ကျယ်ပါဘိလယ်တောခွင်။ ။

ဘာလီ'ရိုင်း'တွေနှင့်၊ တိုင်းမသိကျယ်ကာလွင်သည့်
သည်လယ်ပြင်ဖြတ်လို့သန်း၊ ရွှေနန်းမျှော်စင်စုံသည့်
ဘုံနေပြည်ကင်းမလော့ဆီ၊
မြန်းရော့သည့်လမ်းတော်ဝင်။ ။

စုန်ဆန်ကြခရီးတွင်၊
ငေးမြင်ကြရေလယ်ကွန်း။ ။

လေညင်းတော့ သီကရီ၊ ကြာမျိုးလီလီတို့
ယိမ်းကပြီ သည်ရှုခင်းရယ်နှင့်၊ မြစ်တွင်း၌လွှမ်းဖွယ်စေ
မှိုင်းဝေသည့် 'ရှားလော့'ကျွန်း။ ။

www.burmeseclassic.com

www.burmeseclassic.com

Willows whiten, aspens quiver,
Little breezes dusk and shiver
Through the wave that runs for ever
By the island in the river
Flowing down to Camelot.

Four grey walls, and four grey towers,
Overlook a space of flowers,
And the silent isle imbowers
The Lady of Shalott.

By the mrgin, willow-veiled,
Slide the heavy barges trailed
By slow horses; and unhailed
The shallop flitteth silken-sailed
Skimming down to Camelot;

But who hath seen her wave her hand?
Or at the casement seen her stand?
Or is she known in all the land,
The Lady of Shalott?

www.burmeseclassic.com

www.burmeseclassic.com

(၆)

မိုးမခစိမ်းရော်ရော်၊ လေသုတ်သော်ဖြူရောင်လက်
'အက်စပင်'ရွက်ညိုအုပ်ကယ်၊ သဲရုတ်ရုတ်လှုပ်ခါခါ။ ။
ကိုလေညင်းတောင်မှ၊ သက်ဆင်းတုန်ယင်ယင်နှင့်
လှိုင်းပြင်မှာရောဝင်ပျောက်၊ နှစ်လုံးပေါက်ကျွန်းရိပ်ခွင်
မြစ်ရေယဉ်တွေတွေဆင်း၊ ကင်းမလော့ဦးခိုက်ကာ။ ။
မှိုင်းရိပ်ကယ်ဆင်၊ မျှော်စင်က လေးခု
တံတိုင်းထုမွဲညိုညို၊ ဗဟိုမှာဥယျာဉ်ဆန်း
ပန်းတွေကအဖြာဖြာ၊ သူဇာကြော့စံခန်း။ ။
ရှားလော့ဒေဝီ၊
ကွန်းခိုပြီလူမသိ၊ တော၏ ဇင်ပန်း။ ။

(၇)

မိုးမခဇာပဝါ၊ လွှမ်းရိပ်ကာမြစ်ဟိုကမ်းက
ခြေလှမ်းရယ်ညင်သာသာနှင့်၊ မြင်းသတ္တဝါဆွဲကာသွားတယ်
ဝမ်းပြားသည့် လှေကုန်တင်။ ။
တိတ်တဆိတ်ရယ်နှင့်၊ ရိပ်ရိပ်လျှင်လျှင်ပ
ရေပြင်ကိုဖြတ်ကာခွင်း၊ ကင်းမလော့ရွှေပြည်ကိုတဲ့
ပိုးဖျင်ဆိုရွက်ကကောင်းဘိတယ်
လောင်းသာကြော့အမြန်ယာဉ်။ ။
တစ်ကျွန်းစံခင်အလှ၊ လက်ပြသည့် သူ့ရုပ်သွင်
မြင်ဖူးကြပါသလား။ ။
မှန်ပြတင်း၊ လမင်းလိုလာရပ်ဖူးသည်။
တစ်ဦးမြင်သူမရှိ၊ လူမသိလှဒေဝီ
မြေဆီဌ မထင်ရှား။။

www.burmeseclassic.com

www.burmeseclassic.com

Only reapers, reaping early
In among the bearded barley,
Hear a song that echoes cheerly
From the river winding clearly,
        Down to towered Camelot;

And by the moon the reaper weary,
Pilling sheaves in uplands airy,
Listening, whispers, ''T is the fairy
Lady of Shalott.'

www.burmeseclassic.com

www.burmeseclassic.com

(ဃ)

နံနက်ခင်း၊ ဝေလင်းဝေလီ၌
လယ်တောဆီဘာလီရင့်ပြီမို့၊
ရောက်နှင့်သည့်ကောက်ရိတ်သူ။ ။

ကင်းမလော့၊ နန်းကြော့မျှော်စင်ဘုံသို့
ညွတ်ခလုံ့ကြည်လင်စီး၊ မြစ်ကြီးရယ်ဟိုအကွေ့ဆီက
ချမ်းမြွေ့သာယာယာနှင့်၊ ပဲ့တင်ဖြာလွင့်လာစမ်းတယ်
လွမ်းစရာ့တေးကျူကျူ။ ။
တစ်နေကုန်ပင်ပန်း
ညချမ်းတော့ ပန်းလျက်မူ
နားမယူသည့် ကောက်ရိတ်သား။ ။
ငွေလသာမြေမြင့်ပိုင်းမှာ၊ ကောက်လှိုင်းတွေစီနေဆဲ
လေထဲသံသာချိုတော့၊ သူ့နားကိုအသာစွင့်ပါလို့
လေသံဖြင့်တိုးတိုးသာ...၊
“ဩော်...ခမျာရယ်...ရှားလော့
သူဇာကြော့ဧကရီ၊
ဒေဝီလှ နတ်တစ်ပါး...”တဲ့...။ ။

www.burmeseclassic.com

www.burmeseclassic.com

## PART (2)

There she weaves by night and day
A magic web with colours gay.
She has heard a whisper say,
A curse is on her if she stay
        To look down to Camelot.

She knows not what the curse may be.
And so she weaveth steadily,
And little other care hath she,
        The Lady of Shalott.

And moving through a mirror clear
That hangs before her all the year,
Shadows of the world appear.
There she sees the highway near
        Winding down to Camelot;

There the river eddy whirls,
And there the surly village-churls,
And the red cloaks of market girls,
        Pass onward from Shalott.

www.burmeseclassic.com

www.burmeseclassic.com

# အခန်း နှစ်

## (က)

ပဥ္စလက် ရက်ကန်းတဲ့အထည်
ရောင်ခြည်စုံစိုစိုရွှန်း၊ ဆန်းပါဘိအဖြာဖြာ
ခမျာမှာနေ့ညဆက်၊ ရက်လို့သာနေ။ ။
ကင်းမလော့...၊ သည်ဘက်တော့...မကြည့်နဲ့နော်၊
ကြည့်မိသော် ကျိန်စာဆိုးရယ်၊ မိုးကြိုးနှယ်ကိုယ့်ဆီကျမတဲ့၊
ကြားခဲ့ရတိုးတိုးပေ။ ။
ရှားလော့လေးသူ့ခမျာ၊ ဘာကျိန်စာ ဘယ်လိုရေးဟု
ခန့်တွေးလို့ မသိလေ သို့တစေပူပါဘူး
ဘယ်ဆီကို ဘာကြောင့်များ၊ စိတ်ကစားသွားရမည်
မအားသည်ကိုယ့်ရက်ကန်းနှင့်၊ လန်းလို့ကြည်နူး။ ။

## (ခ)

မှန်တစ်ချပ်ရယ်က၊ ဆွဲအပ်သည်နှစ်တစ်ဆုံးသာပ
မျက်လုံးတူရှုဆီမို့၊ မြေမဟီလောကရိပ်တွေက
ပြတ်မဆိတ်ပေါ်နေသည်။ ။
အနီးဆိုဟိုမှာတော့
ကင်းမလော့ဆီအရောက်
ထွန်းပေါက်သွယ်ဝင်ဆိုက်မည့်
ကွေ့ဝိုက်ဝိုက်လမ်းတော်ရှည်။ ။
ဟိုမှာဆီမြစ်ပြင်ထဲ
ဝဲကတော့ချာချာလည်
ကြည်ကြည်ကွယ့်ပကတိ။ ။
အလို...ရွာခံသား၊ ဆောင့်ကြွားကြွားရိုင်းမယဉ်
လုလင်ပျိုဟိုတစ်စု...၊ ရွာမျက်ရှုဈေးတက်ခင်
ကိုယ်ဝတ်ယဉ်အပြင်ပန်းက၊ နီမြန်းမြန်းသည်မှာလေ...
ရှားလော့မြေရွာမှထွက်သည်၊ ကျက်သရေရှိ။ ။

www.burmeseclassic.com

www.burmeseclassic.com

Sometimes a troop of damsels glad,
An abbot on an ambling pad,
Sometimes a curly shepherd-lad,
Or long-haired page in crimson clad,
        Goes by to towered Camelot;

And sometimes through the mirror blue
The knights come riding two and two:
She hath no loyal knight and true,
        The Lady of Shalott.

www.burmeseclassic.com

www.burmeseclassic.com

(၈)

အပျိုဖော်ပျော်တစ်သင်းရယ်က၊
ရှုခင်းမှာတဲ့တစ်ရံပေါ်၊
တစ်ဖန်သော်ဣန္ဒြေကြီးပါဘိ၊
ခရီးနှင်သိက္ခာကောင်းလှတယ်၊
ကျောင်းက ကိုယ်တော်။ ။

ဆံခွေလိမ်အရှုပ်များရယ်နှင့်
သိုးကျောင်းသားမြင်လိုမြင်၊
မင်းလုလင်ဝတ်စုံရဲ၊ သူ့ပဲမြင်ချင်မြင်ရ၊
ဘုံမျှော်စင်ကင်းမလော့ဆီ၊
သွားရောကြွရှင်ပျော်ပျော်။ ။

ခါတစ်ရံနောက်ခံကားပြာနှင့်၊
မှန်သားမှာတဲ့ ထင်ကာပေါ်၊
ဇာနည်မော်ကွယ့်ရှင်သူရဲ။ ။

ရွှေမြင်းရယ်ကိုယ်စီနှင့်၊
နှစ်ယောက်ညီတန်းချီသွားဟန်က၊
ကျီစားကာ သရော်လိုက်ရော့သလား၊
ရှားလော့ထံသစ္စာပြုပါလို့၊
ချစ်မှုရယ်စေကျွန်တဲ့
ဇာနည်မွန်ဘယ်မရှိတယ်၊ ဘုန်းမိကံမွဲ။ ။

www.burmeseclassic.com

But in her web she still delights
To weave the mirror's magic sights,
For often through the silent nights
A funeral, with plumes and lights
  And music, went to Camelot;
Or when the moon was overhead,
Came two young lovers lately wed;
'I am half sick of shadows,' said
    The Lady of Shalott.

www.burmeseclassic.com

www.burmeseclassic.com

## (ဃ)

သို့တစေ၊ မှန်သားဗွေ ပဉ္စလက်ရယ်နှင့်
ပြချက်တွေအသွင်ဆန်းလေသမျှ၊
ရက်ကန်းမှာအဆင်ဖော်လို့
ရွှင်ပျော်ပျော်တစ်ကိုယ်ချင်းပေမယ့်
ပျင်းမရိုပါ။ ။
အခါခါလူခြေတိတ်ချိန်မှ၊
ဟိတ်နှင့်ဟန်စျာပနပါကွယ့်
ဖြာပဲ့ဟယ်ငှက်တောင်မွေးတွေနှင့်
တစ်ရေးတစ်ဂုဏ်ပ၊
မီးစုံဆိုင်းဗုံတီးပါလို့
ခရီးနှင်ကင်းမလော့ဆီ၊
ခပ်ကြော့ကြော့ ထည်ဝါဝါ။ ။
သို့ရာတွင်ငွေလမင်း၊
ဝင်းဝင်းကြီးခေါင်းထက်သာ၊
သည်ခါတော့စိတ်တစ်မျိုး။ ။
ကြင်စဦး၊ ကြည်နူးမောင်မယ်ယှဉ်တော့၊
သူရွှေရင်ဖိုဖိုလိုက်လို့၊ ရှိုက်လိုက်မိ ရှားလော့ခမျာ
'အရိပ်ကမ္ဘာတော့ မုန်းစပျိုး'တဲ့။ ။

www.burmeseclassic.com

www.burmeseclassic.com

## PAPER (3)

A bow-shot from her bower-eaves,
He rode between the barley-sheaves,
The sun came dazzling through the leaves,
And flamed upon the brazen greaves
        Of bold Sir Lancelot.
A red-cross knight for ever kneeled
To a lady in his shield,
That sparkled in the yellow field,
        Beside remote Shalott.

The gemmy bridle glittered free,
Like to some branch of stars we see
Hung in the golden Galaxy.
The bridle bells rang merrily
        As he rode down to Camelot,
And from his blazoned baldric slung
A mighty silver bugle hung,
And as he rode his armour rung,
        Beside remote Shalott.

www.burmeseclassic.com

## အခန်း သုံး

### (က)

တံစက်မြိတ်၊ ကွန်းရိပ်သည်ဆီက
ဘာလီနံ့ကောက်ပုံကြားမှာ၊ မြားတစ်ပစ်ထိုအကွာ၌
ပုံပမာတင့်တယ်ဝင်းသည်၊ နတ်မြင်းနှင့်နေလုလင်။ ။
နေရောင်ခြည်သစ်ရွက်ကြားက၊ မျက်စိများကျိန်းစရာ၊
ချပ်တန်ဆာကိုယ်မှာဖုံးတော့၊ သလုံးရပ်ကြေးပြားဝါ၊
နေပက်ရာရောင်ပြန်လက်တယ်၊ ပြိုးပြက်ပြက်ထင်။ ။
လင်း(စ်)လော့...တဲ့၊
ရက်ကရော့(စ်) ဂုဏ်ဟိတ်ရှင်၊
ဘုရင်ကဆာဘွဲ့ချီး။ ။
ဝေးမြင့်သီခေါင်၊ ရှားလော့ချောင်ထိုနံဘေးက၊
ရွှေသွေးလယ်ပြင်ဆီ၌၊ သူ့ဒေဝီသင်္ကေတနှင့်၊
သူ့ဒိုင်းကနေခြည်မှာ၊ ရွှေရည်တွေ လဲ့ကာပြတယ်၊
တောက်ပလျှံညီး။ ။

### (ခ)

* နဂါးငွေ့တန်းဆီက၊ ကြယ်ပန်းကြယ်နွယ်သို့
  စီခြယ်သည်မြင်းဇက်ကြိုးမှာကွယ်၊ မျိုးကျောက်မျက်ရှင်။
* ကင်းမလော့ရွှေပြည်ဆီ၊ သူချီစဉ်မြင်းကကြိုးမယ်
  ငြိုးငြိမ့်ငြိမ့်ခြူသံလွင်။ ။
* ဂုဏ်တံဆိပ်၊ ခတ်နှိပ်ခြယ်စလွယ်သားက၊
  ခုံညားသည့်ခရာလျှင်၊ ငွေစင်ကွယ့်သန့်ရှင်း။
* ဝေးမြင့်သီခေါင်၊ ရှားလော့ချောင်ထိုနံဘေး၊
  အဝေးမှာတဲ့ခရီးကြို၊ ချပ်ဝတ်စုံမြည်ကာပြုတယ်၊
  နုနုသံညင်း။ ။

www.burmeseclassic.com

www.burmeseclassic.com

All in the blue unclouded weather
Thick-jewelled shone the saddle-leather,
The helmet and the helmet-feather
Burned like one burning flame together,
        As he rode down to Camelot;

As often through the purple night,
Below the starry clusters bright,
Some bearded meteor, trailing light,
        Moves over still Shalott.

www.burmeseclassic.com

www.burmeseclassic.com

(၈)

ကောင်းကင်ပြာတိမ်ခြေရှင်းသည်မို့၊
မြင်းကုန်းနီးသားရေနယ်၊
စီခြယ်သည်ရတနာကျောက်ရယ်၊
တောက်ပဘိထိန်။ ။

ကင်းမလော့မြို့တော်ဆီ၊
ချီလေသူသံရွှေမောက်နှင့်၊
သံမောက်ထက်ငှက်မွေးရှည်၊
ပြိုင်လေသည်နှစ်ရောင်မီးနှယ်၊
ညီးတောက်တောက်ရှိန်။ ။

ခရမ်းရင့်ညအချိန်၊
ကြယ်ပွင့်စိန်အခိုင်အောက်။ ။

ရောင်မြီးရှည်အမျှင်ဖွားနှင့်၊
ကြယ်တံခွန်မှတ်ဆိတ်ဖားရယ်၊
ရှားလော့မြေဖြတ်သည့်တိုင်း၊
နှိုင်းရမလောက်။ ။

www.burmeseclassic.com

www.burmeseclassic.com

His broad clear brow in sunlight glowed;
On burnished hooves his war-horse trode;
From underneath his helmet flowed
His coal-black curls as on he rode,
As he rode down to Camelot.

From the bank and from the river
He flashed into the crystal mirror,
'Tirra lirra,' by the river
Sang Sir Lancelot.

www.burmeseclassic.com

www.burmeseclassic.com

(ဃ)

မဟာနွယ်ကျယ်နဖူး၊
ရောင်မြူးလို့ဝင်းရွှေ။ ။

ခွာကိုပင်ပြောင်အောင်သသည့်၊
စစ်မြင်းလှထက်မလေ။ ။

သံမောက်အောက်ဆံနက်ခွေ၊
ဖားဝေဝေလွင့်ပါး။ ။

'တာရား...လာရာ...'၊
သံဝါဝါသူ့သီချင်း၊
သူ့အဆင်းလျှပ်ပမာ၊
ကမ်းမှလာမြစ်ကိုခွင်း၊
မှန်တွင်းဝယ်ပေါ်လာပေါ့ကွယ်၊
လင်း(စ်)လော့မောင်ဘုရား။ ။

www.burmeseclassic.com

www.burmeseclassic.com

She left the web, she left the loom,
She made three paces through the room,
She saw the water-lily bloom,
She saw the helmet and the plume,
        She looked down to Camelot.

Out flew the web and floated wide;
'The mirror cracked from side to side;
The curse is come upon me,' cried
        The Lady of Shalott.

www.burmeseclassic.com

www.burmeseclassic.com

## (၄)

ရက်ထည်ကိုစွန့်ထားလို့၊
ရက်ကန်းနားကအသာခွာ၊
မယ့်ဆောင်ကြာသည်အခန်းမှ၊
သုံးလှမ်းမျှထွက်၍သာ။ ။
ကြာပန်းတွေမြင်၊
အဝေးတွင် သူတစ်ယောက်၊
သံမောက်ထက်တံခွန်ထူ၊
ငှက်တောင်ရယ်လူလူနှင့်၊
မြင်မိသူ့ခမျာလေး၊
ငေးငိုင်မိရှာ။ ။
ကင်းမလော့မြို့ဆီပါ၊
မျှော်ကာကြည့်ကိုယ့်အမှား။ ။
ရက်ထည်ဖျင်ရတ်တရက်၊
လေထက်သို့ပျံကာလျှင်၊
မှန်ကြီးပင်သွင်သွင်အက်၊
ကွဲပျက်သောအခါ။ ။
ကညာမေရှားလော့၊
အားပျော့ပျော့အော်မိရှာ၊
'ကျိန်စာရယ်တစ်ခါဖြင့်၊
သင့်ပါပေါ့လား...'တဲ့။ ။

www.burmeseclassic.com

www.burmeseclassic.com

**PART (4)**

In the stormy east-wind straining,
The pale yellow woods were waning,
The broad stream in his banks complaining,
Heavily the low sky raining
Over towered Camelot;

Down she came and found a boat
Beneath a willow left afloat,
And round about the prow she wrote
'The Lady of Shalott.'

www.burmeseclassic.com

www.burmeseclassic.com

# အခန်း လေး
# (က)

အရှေ့လေထန်မှန်တိုင်းကြောင့်၊
မှိုင်းမှုန်ပျောက်တောရွှေဝါ၊
မြစ်ပြင်မှာလှိုင်းသံဟိုး၊
ညည်းသည့်ပမာ။ ။

တစ်မိုးလုံးမိုက်ကာမှောင်၊
တိမ်တောင်တွေပြိုဆင်း၊
ကင်းမလော့မျှော်စင်ဘုံ၊
သိုင်းရစ်ခြုံအုံ့ကာမည်း၊
မိုးသည်းသည်းရွာ။ ။

ရှားလော့လေးသူ့ခများ၊
ဆင်းလာခဲ့ဆိပ်ကမ်း။ ။

မိုးမခသစ်တစ်ပင်၊
အောက်မှာတွင်အဆင်သင့်၊
ဆိုက်လင့်သည့်လှေကိုမြင်
လှေဦးတွင်သူ့လက်များနှင့်၊
"ရှားလော့ဒေဝိ" စာပန်းချီလှလှလေး၊
ရေးခဲ့မှတ်တမ်း။ ။

www.burmeseclassic.com

www.burmeseclassic.com

And down the river's dim expanse
Like some bold seer in trance,
Seeing all his own mischance-
With a glassy countenance
Did she look to Camelot.

And at the closing of the day
She loosed the chain, and down she lay;
The broad stream bore her far away,
The Lady of Shalott.

www.burmeseclassic.com

www.burmeseclassic.com

(ခ)

နိမိတ်ဖတ်ပါလို့၊
ကြည့်တတ်သူ့အနာဂတ်ဆီ၊
နာမ်လွှတ်  ကိုယ်ခွာ၍၊
ကိုယ့်ကြမ္မာကိုယ့်ကံဆိုး၊
စိုးမကြောက်ရှုသည့်ပမာ။     ။

မှုန်ရီဝါး၊
ရေသားထုမြစ်ပြင်ကျော်၍၊
မျက်နှာတော်ဖန်ကြည်တုံးသို့၊
မပြုံးမညိုဘဲ၊
နဂိုရ်ခြာကင်းမလော့ဆီ၊
ကြည့်တော့၏တည်ငြိမ်စွာ။     ။

နေ့အဆုံး၊
နိဂုံးချုပ်အချိန်မှာ၊
အသာကွယ့်ကြိုးဖြေမျှော။     ။
ရှားလော့ဒေဝီ၊
လှေထက်ဆီညင်ညင်လျှောင်း၊
ရေကြောင်းသန်ဆောင်သယ်ပြေးတယ်၊
ဝေးရာသို့မျော။     ။

www.burmeseclassic.com

www.burmeseclassic.com

Lying, robed in snowy white
That loosely flew to left and right-
The leaves upon her falling light-
‘Through the noises of the night
        She flaoted down to Camelot;

And as the boat-head wound along
The willowy hills and fields among,
They heard her singing her last song,
        The Lady of Shalott.

www.burmeseclassic.com

www.burmeseclassic.com

(၈)

လျှောင်းကာတဲ့လှဲကာ၊
ညရုံလွှာဖြူဖြူဆွတ်၊
လွတ်လျော့လျော့သိကရီ၊
ဘယ်ဆီလာညာဆီလွင့်၊
လေပင့်သောအခါ။ ။
သက်ရှက်ကယ့်ရော်၊
သူ့ကိုယ်ပေါ်အသာကျ၊
မိုးညသံဆူဆူ၌၊
ရှေးရှုကာကင်းမလော့ဆီ၊
မျောပေါ့ကွယ်လှေနာဝါ။ ။
မိုးမခ
လွှမ်းကြည့်တောင်တောသာ
လယ်ယာတဲ့ပတ်ကုံး။ ။
မြစ်အတွင်း၊
တစ်စင်းသည်လှေကာ၊
ခွေပတ်ကာမျောစဉ်ခိုက်၊
ကြားလိုက်ကြသူ့တေးသံ၊
ဆွေးဟန်ကနောက်ဆုံး။ ။

www.burmeseclassic.com

www.burmeseclassic.com

Heard a carol, mournful, holy,
Chanted loudly, chanted lowly,
Till her blood was frozen slowly
And her eyes were darkened wholly,
        Turned to towered Camelot.

For ere she reached upon the tide
The first house by the water-side.
Singing in her song she died,
        The Lady of Shalott.

www.burmeseclassic.com

www.burmeseclassic.com

## (ဃ)

တေး'ကရယ်'၊ လွမ်းဖွယ်ငဲ့တစ်ဖြာ၊
သဒ္ဒါနှင့်တစ်မျိုး၊
တိုးတိုးရဲ့တစ်သွယ်၊
ကျယ်ကျယ်ကွယ့်တစ်ဆန်း၊
အံ့မခန်းကြားကြပါ။ ။

သြော်...ဖြည်းဖြည်းချင်း၊
ကိုယ်တွင်းမှာသွေးကျဉ်ခဲလို့၊
ပြာမွဲပေါ့မျက်လုံးစုံ၊
ရွှေဘုမ္မန်ကင်းမလော့ဆီ၊
ကြည့်တော့ဖြင့် ကြည့်မိရှာ။ ။

ဒီရေစ၊
ပထမ၊ မြို့အိမ်ရာ၊
ခမျာဖြင့် မရောက်ပြား။ ။

ရှားလော့တဲ့လှဒေဝီ၊
တေးသီစဉ်ဇိဝိန်ညွှန့်ရယ်၊
စွန့်ခဲ့ပေါ့လား။ ။

www.burmeseclassic.com

www.burmeseclassic.com

Under tower and balcony,
By garden-wall and gallery,
A gleaming shape she floated by,
Dead-pale between the houses high,
Silent into Camelot.

Out upon the wharfs they came.
Knight and burgher, lord and dame,
And round the prow they read her name,
'The Lady of Shalott.'

www.burmeseclassic.com

www.burmeseclassic.com

## (၄)

မျှော်စင်နှင့်လသာခန်း၊
ဆောင်နန်းအောက်တစ်ခါခါ၊
တံတိုင်းကာဥယျာဉ်တွေ ‘၊
စကြံရှေ့တညင်ညင်။

မဝင်းလေဝင်းလေတတ်၊
ဖြူဖပ်ဖြူရော်နှင့်၊
အိမ်တော်စဉ်ဖြတ်ကာဆင်း၊
ကင်းမလော့ဝင်။ ။

သူရဲကောင်းနှင့်မြို့တော်သား၊
မှူးမတ်များနှင့်သူ့ကတော်၊
ဆိပ်ခံပေါ်တူတကွ၊
ရောက်ကြလို့အုတ်အာပင်၊
ရှုမြင်ကြလှေဦး။ ။

‘ရှားလော့ဒေဝီ’၊
စာပန်းချီသည်အလှကို၊
တွေ့ရပုံထူး။ ။

www.burmeseclassic.com

www.burmeseclassic.com

Who is this? and what is here?
And in the lighted palace near
Died the sound of royal cheer;
And they crossed themselves for fear,
        All the knights at Camelot;

But Lancelot mused a little space;
He said, She has a lovely face;
God in his merey lend her grace,
        The Lady of Shalott.

www.burmeseclassic.com

www.burmeseclassic.com

## (၈)

ဘယ်သူများ . . .၊ ဘာလားကွယ့်သည်မှာ၊
လှမ်းမကွာတန်ဆောင်ညီးသည့်၊
ရွှေနန်းကြီးတော်ဝင်သံ၊
ကောင်းချီးပုံအမြန်တိတ်တယ်၊
ဆိတ်ဆိတ်ကယ့်နှင်။ ။

ကင်းမလော့ရွှေနန်းပျော်၊

သူရဲကျော်ဆိုသူများ၊

ချောက်ချား၍ကိုယ်ပေါ်၊

ခရစ်တော်သင်္ကေတ၊

ခဏတာဝင်သတိနှင့်၊

သမာဓိကြွံခိုင်ခိုင်၊

ဝေလှိုင်ပုံ့သံညောင်း။ ။

ကောင်းချီးမြွတ်ကရုဏာ၊
ရပါစေ . . .အို . . .နှမ၊
ချစ်ရှာ့မျက်နှာရှင်၊
ဒေဝီခင်ရှားလော့ . . .’၊
မြွက်ရော့ရှ ချိုစကားနှင့်၊
သနားချစ်ဆုတောင်း။ ။

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# LA BELLE DAME SANS MERCY
# By
# JOHN KEATS
# ကရုဏာမဲ့သည့် လှဒေဝီ
# ကဗျာမိတ်ဆက်

'ပန်းဝေသီ မဂ္ဂဇင်း' ၌ ကျွန်တော် တင်ပြခဲ့သော 'စိန် အဂ္ဂနစ်(စ်)အခါကြိုညချမ်း' ဇာတ်လမ်း ကဗျာရှည်ကြီး၌ ဇာတ်လိုက် ပေါဖရိုသည် အိပ်ပျော်နေသော ချစ်သူ မက် ဒလင်းကို အိုးလုံးစောင်းလေးတီး၍ သီချင်းဆိုပြီးနှိုးခဲ့သည် ကို မှတ်မိကြပေလိမ့်မည်။ သီချင်းလေး၏ အမည်က...
'La belle dame sans mercy'ဟု ဖြစ်သည်။

လာဘဲ(လ်) ဒိမ်းဆန်း(စ်) မားစီ'ဟု အသံထွက်ရ သည်။ အထက်ပါကဗျာကြီး၌ ထိုသီချင်းလေးသည် ပြင်သစ် ပြည် တောင်ပိုင်းမှ ရှေးဟောင်း သီချင်းလေး ဖြစ်သည်ဟု ဂျွန်ကီ(တ်)က ဖော်ပြခဲ့သည်။ သီချင်း၏ နာမည်မှာလည်း ပြင်သစ်နာမည်ဖြစ်သည်။

La ဆိုသည်မှာ အင်္ဂလိပ်ဘာသာမှ The သဘောမျိုး ဟု ယူပါ။ ဘဲ(လ်) belleကား ဆွဲဆောင်လှပသော မိန်းမ ချောလေးဟု အဓိပ္ပာယ်ရှိသည်။ ဒိမ်း dameကား ဂုဏ် ရှိသူ၊ ဂုဏ်မြင့်သူ အမျိုးသမီးကို ခေါ်သည်။ ဆန်း(စ်) sans ကား ကင်းသည်မရှိဟု အဓိပ္ပာယ်ရ၏။ မားစီ mercy ကား ကရုဏာတည်း။

www.burmeseclassic.com

မြန်မာလို အပြည့်အဝ ဘာသာပြန်လိုက်သောအခါ...

'ကရုဏာမဲ့သည့် လှဒေဝီ'ဟု ရသည်။

ဂျွန်ကီ(တ်)သည် 'ကရုဏာမဲ့သည့် လှဒေဝီ' ကဗျာကို လည်း သီးသန့်ဖွဲ့ဆိုခဲ့သည်။ ကျွန်တော်တို့ ကျောင်းသား ဘဝက အထက်တန်း အင်္ဂလိပ်စာတွင် ပြဋ္ဌာန်းသော ကဗျာ ဖြစ်၏။ သည်းခြေကြိုက် ကဗျာမျိုးဖြစ်သောကြောင့် ကျွန် တော်တို့ အလွန်နှစ်သက်ကြသည်။ လှသလောက်ရက်စက် သူဟု (ကိုယ်ထင်သူများကို) ဤကဗျာ ခေါင်းစဉ်နှင့် နာမည် ပေးကြသည်။

ကလေးဘဝအမြင်ကို ထားတော့။ အမှန်ကား ဤကဗျာ သည်လည်း ဂျွန်ကီ(တ်) ၏ ကဗျာကျော် လက်ရာ တစ်ခု ဖြစ်သည်။

ချစ်ခြင်းမေတ္တာကြောင့် သောကပွေ့ရသည့် အကြောင်း ဖွဲ့သော ကုသပျို့တို့၊ ဥမ္မာဒန္တီပျို့တို့၊ မုဒုလက္ခဏာပျို့တို့ ကျွန်တော်တို့ စာပေနယ်မှာလည်း ရှိသည်။ ကုသကြီးအတွက် ပပဝတီသည် လာဘဲ(လ်) ဒိမ်းဆန်း(ဇ်) မားစီပင် ဖြစ် တော့သည်။

ဤကဗျာ၌လည်း ဂျွန်ကီ(တ်)သည် စာလုံးများနှင့်ပန်းချီ ရေးပြန်၏။ ပတ်ဝန်းကျင်သည် သုံးဖက်မြင် ပန်းချီကား ဖြစ်လာသည်။ စက္ခုဝိညာဏ်နိမိတ်ပုံ များသာမက ဖောဋ္ဌဗ္ဗ အာရုံ နိမိတ်ပုံများကို ပေါ်စေသည်။

ကဗျာဖွဲ့ဟန်ကိုလည်း အ နည်းငယ် ပြောပြလိုသည်။ တေး...၊ သို့မဟုတ် တေးဆန်သော ကဗျာများတွင် စာ

www.burmeseclassic.com

တစ်ကြောင်းသည် လည်းကောင်း၊ အပိုဒ်တစ်ပိုဒ်သည်လည်း ကောင်း ပြန်ပြန်ထပ်ကျော့၍ လာတတ်သည်။ ဤကဗျာ၏ ရှေးဦးနှစ်ပိုဒ်ကို ကြည့်ပါ။ ထပ်ကျော့ထားသော စာပိုဒ် များပါသည်။ ကဗျာ၏ အဆုံးပိုဒ်ကို အစဦးပိုဒ်အတိုင်း ပြန်ထပ်ကျော့ ဆိုထားသည်ကိုလည်း သတိပြုပါ။

ဤသဘောကို ရီဖရိန်း (refrain)ဟု သူတို့ စနစ်တွင် ခေါ်သည်။ ဤကဗျာ၌ ဂျွန်ကီ(တ်)က ရီဖရိန်း သုံးပြထား သည်။ ရီဖရိန်းကို အရမ်းသုံးလျှင် မလှပါ။ သုံးတတ်မှ လှသည်။ ဂျွန်ကီ(တ်)က လှပစွာ သုံးပြထား၏။

ဤကဗျာ၌ ပညာသားပါပါ အလှဆုံး အပိုဒ်သည် အပိုဒ် (၆) ဖြစ်သည်။ ဘာကြောင့်ဟု ထင်ပါသနည်း။

တက္ကသိုလ်ဘုန်းနိုင်
၂၃-၁၂-၈၉

www.burmeseclassic.com

www.burmeseclassic.com

## LA BELLE DAME SANS MERCY

O what can ail thee, knight-at-arms,
Alone and palely loitering?
The sedge has wither'd from the lake,
        And no birds sing.

O what can ail thee, Knight-at-arms,
        So haggard and woe-begone?
The squirrel's granary is full,
        And the harvest's done.

I see a lily on thy brow
With anguish moist and fever dew;
And on thy cheeks a fading rose
        Fast withereth too.

www.burmeseclassic.com

www.burmeseclassic.com

# ကရဏာမဲ့သည့်လှဒေဝီ

*　ချပ်ဝတ်ကယ်မိန်ညိုနှင့်၊အလို . . .ရှင်သူရဲငယ်၊စိတ်ထဲ
ဘယ်ဝန်ပိုလို့ တစ်ကိုယ်တော်ဖြူရော်နွမ်း၊
ခြေလှမ်းရာလူပါလို့၊ယောင်ချာချာလည့်သတုံး။　။
ကန်တစ်ဝိုက်၊မြက်သိုက်ပင်သေကကာညှိုးလို့၊ ငှက်မျိုး
တွေ ဘယ်ဆီရောက်တယ်၊ တေးပျောက်ဆိတ်သုဉ်း။

*　ချပ်ဝတ်ကယ်မိန်ညိုနှင့်၊ အို . . .ရှင်သူရဲငယ်၊
စိတ်ထဲ ဘယ်ဝန်ပိုလို့၊ မျက်နှာအိုကြုံလှီပန်း၊
ငြိုငြင်ပူပုံသန်းလို့၊ နွမ်းနေရသတုံး　။
ရှဉ့်လေးများစပါးကျီ၊ ပြည့်လေပြီ အစာမောက်ခဲ့၊
ကောက်သိမ်းရက်ဆုံး။　။

*　သင့်နဖူးက နှင်းပန်းမှာ၊ ဝေဒနာရေမှုန်ဝေ့လို့၊
အဖျားငွေ့နှင်းပေါက်ခို၊ ဘယ်လိုတဲ့အရေး။　။
သင့်ပါးပေါ်ကနှင်းဆီနီ၊ ညှိုးရှာပြီ သွေ့သွေ့ခန်း
တယ်၊ နွမ်းမြန်လှလေး။

www.burmeseclassic.com

www.burmeseclassic.com

I met a Lady in the meads,
Full beautiful, a faery's child;-
Her hair was long, her foot was light,
And her eyes were wild.

I made a garland for her head,
And bracelets too, and fragrant zone;
She look'd at me as she did love,
And made sweet moan.

I set her on my pacing steed,
And nothing else saw all day long;
For sidelong would she bend, and sing
A faery's song.

www.burmeseclassic.com

www.burmeseclassic.com

* မြက်ခင်းလှစားကျက်မြေ၊ ကြုံတွေ့ပေနတ်ရင်သွေးငဲ့၊
အလှရေးပြည့်စုံညီ၊ ဒေဝီတဲ့ရှမရဲ။ ။
ရှည်သွယ်ပေ့သူ့ကေဆံ၊ ခြေတံတင့်တယ်လွန်းရဲ့၊
တောက်ရွှန်းကြည်ဟန်မဖုံးတယ်၊ မျက်လုံးကရွှဲ။ ။

* သူ့ခေါင်းမှာ ဆင်ကာမြန်းဖို့၊ ပန်းကုံးကိုငါသီ၊
လက်မှာဆီပန်းလက်ဝတ်၊ ပန်းခါ ပတ်မွှေးကြိုင်စွာ
ဆက်ပါရသူ့အား။ ။
ငါ့ကိုကွယ် ချစ်သလိုငေးလို့၊ တိုးတိုးလေးညင်စွာ၊
ချိုသာသာညည်းသံရှိုက်၊ ကြားလိုက်ရနား။ ။

* ပွေ့ကာတဲ့သူ့ကိုတင်၊ မြင်းကြော့တွင်နေရာချလို့၊
လှမ်းရုံမျှညင်သာသာ၊ နှင်လာခဲ့သည်တွင်။ ။
တစ်နေ့လုံးး၊ ပတ်ကုံးတဲ့ဝန်းကျင်၊
မမြင်ပါသူ့သာငေးမိ၊ တစောင်းလေးသူ့ကိုယ်နေ၊
ငါ့ဘက်လေ လှည့်ခွေရစ်လို့၊ ချစ်တေးသူဆိုဖွဲ့တယ်၊
နတ်ရဲ့သီချင်း။

www.burmeseclassic.com

www.burmeseclassic.com

She found me roots of relish sweet,
And honey wild, and manna dew;
And sure in language strange she said-
"I love thee true!"

She took me to her elfin grot,
And there she wept and sigh'd full sore,
And there I shut her wild, wild eyes
With kisses four.

And there she lulled me asleep,
And then I dream'd Ah! woe betide!
The latest dream I ever dream'd.
On the cold hill-side.

www.burmeseclassic.com

www.burmeseclassic.com

* သစ်မြစ်စုံချိုမြိန်လှ၊ သဘာဝပျားသကာ၊
နတ်သုဒ္ဓါနှင်းရည်ပေါက်၊ စားသောက်ဖို့ငါ့တွက်တာ
သူရှာလို့ကျွေး။ ။
ပြီးတော့မှသာ၊ သေအချာ ဘာသာဆန်းနှင့်၊
လွမ်းဖွယ်ငဲ့သူဆို၊ 'မောင့်ကိုလေ မေတ္တာစစ်နှင့်၊
ချစ်မိပါလေး'တဲ့။ ။

* နတ်သူငယ်ရက္ခစိုး၊ လိုဏ်မျိုးကွယ် သူ့ဂူတွင်းသို့၊
ခေါ်သွင်းပြီးမှ ရှိုက်ကာငို၊ လှိုက်ဖိုစွကြေကွဲ။ ။
ဂူအတွင်းမှာပေါ့၊ ချစ်ဝင်းရည် စို့ကာလက်သည့်၊
မျက်ရွဲတွေ စင်းပျော်မှိတ်အောင်၊ ပိတ်ရလေနမ်းပွင့်
မွှေးနှင့်၊ လေးကြိမ်မျှပဲ။ ။

* ဂူတွင်းမှာပဲကွယ်၊ ကျူညင်းသာ သူလျှင်သိပ်တော့၊
မှေးမှိတ်လို့ပျော်ဆဲတွင်၊ အိပ်မက်မြင်နောက်ဆုံး။ ။
ချမ်းလို့သာ အေးဘိတယ်၊ နံဘေး တောင်စွယ်၌၊
အိပ်မက်နယ်မြင်သမျှကြောင့်၊ သောကမှောင်ဖုံး။ ။

www.burmeseclassic.com

www.burmeseclassic.com

I saw pale Kings and Princes too,
Pale warriors, death-pale were they all;
They cried- "La Belle Dame sans Mercy
Hath thee in thrall!"

I saw their starv'd lips in the gloam,
With horrid warning gaped wide,
And I awoke, and found me here
On the cold hill-side.

And this is why I sojourn here
Alone and palely loitering,
Though the sedge is wither'd from the lake,
And no birds sing.

**JOHN KEATS**

www.burmeseclassic.com

www.burmeseclassic.com

*  ငါမြင်သည်ဘုရင်များ၊ မင်းသားနှင့်သူရဲကျော်တွေ၊
ဖြူရော်ကွယ့် အကုန်လုံး။   ။
သွေးဆုတ်သည့်အသွင်၊ သေမင်းငင်နယ်က၊
အသံကျယ် ဟစ်အော်ပြုကြ၊
‘ကရုဏာမဲ့သည့် လှဒေဝီ၊
ကျွန်ပြုပြီမင်းကိုဖမ်းပေါ့၊
လွတ်လမ်းပျောက်ဆုံး’တဲ့။

*  ငါမြင်သည် မှောင်ရီဖျော့၊ ငတ်ကြသည့်နှုတ်ခမ်းတွေ
အစွမ်းကုန်ဖြဲကာဟ၊ ကြောက်စရာ့သတိသံ၊
ပေးဟန်က သိမ့်ဟည်း။   ။
လန့်အနိုးမှာလ၊ တောင်ရိုးစွယ်သည်နံဘေး၊
ချမ်းအေးကာ ဆိတ်လို့ သုဉ်းတယ်၊
ဘုန်းမောင့်ကိုယ်တည်း။   ။

*  သနစ်ရယ်သည်ပူမီးကြောင့်၊ ခရီးယာယီပိုရ၊
တစ်ကိုယ်တော်ဖြူရော်နွမ်း၊ ခြေလှမ်းရာလူပါလို့၊
ယောင်ချာချာလှည့်သွား။   ။
ကန်တစ်ဝိုက်၊ မြက်သိုက်ပင်သေကာညှိုးလို့၊
ငှက်မျိုးတွေဘယ်ဆီရောက်၊
တေးပျောက်ကာ ဆိတ်လို့သုဉ်းပေမယ့်၊
ဘုန်းမမူအား။   ။

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# THE EVE OF ST. AGNES
# By
# JOHN KEATS

## စိန့်အဂ္ဂနစ်အခါကြို ညချမ်း

## ကဗျာမိတ်ဆက်

ကမ္ဘာ့စာပေသမိုင်း၌ အချိန်တစ်ချိန်တည်းတွင် အတူတကွ တွဲလျက် ပေါ်ပေါက်ပြီး ကျော်ကြားကြသူ စာဆိုများကို တွေ့ရတတ်သည်။ ဥပမာ ကျွန်တော်တို့နိုင်ငံ၌ အင်းဝခေတ်တွင် အရှင်မဟာရဋ္ဌသာရ၊ အရှင်မဟာသီလဝံသ၊ အရှင်ဥတ္တမကျော်တို့ ရှိခဲ့သည်။ အင်္ဂလိပ်စာပေသမိုင်း၌ (၁၈၀၀) ပြည့် နှစ်အပြီး ဒုတိယဆယ်စုနှစ်အတွင်း၌ ဘိုင်ရင် (BYRON) ရှယ်လီ (SHELIEY) ကိ(စ်) (KEATS) ဟု စာဆိုတစ်တွဲ ပေါ်ခဲ့သည်။ သုံးဦးစလုံးမှာ လူငယ်ဘဝတွင် ကဗျာစရေးကြပြီး လူလတ်ပိုင်းအရွယ်၌ ကွယ်လွန်ကြရှာသည်။

သူတို့သည် အင်္ဂလိပ်ကဗျာနယ်တွင်းသို့ ပုံရိပ်သစ်၊ ဂုဏ်အင်္ဂါသစ်၊ ရှုခင်းသစ်နှင့် အဆင်တန်ဆာသစ်တို့ကို သယ်ဆောင်လာကြသည်ဟု အသိအမှတ်ပြု ခံရသည်။ ကဗျာ မိုးကုပ်စက်ဝိုင်း ချဲ့သူများ၊ ကဗျာကို ကမ္ဘာ့ဟန် ဆန်စေသူများ၊ ကဗျာတံခါး၊ ကျယ်ကျယ်ဖွင့်သူများ၊ ကဗျာမှ ကျဉ်းမြောင်းသော အယူအစွဲ အနှောင်အဖွဲ့ကို ပယ်ဖျက်သူများဟု နှောင်းခေတ်ပညာရှင်တို့က ချီးမွမ်းကြသည်။

www.burmeseclassic.com

www.burmeseclassic.com

ဩော်...လူငယ်ကဗျာဆရာတို့၏ချစ်ဖွယ်သော သဘာဝ ပါတကား။

သူတို့သုံးဦးအနက်က ကိ(စ်)၏ ကဗျာတစ်ပိုဒ်ကို ပန်းဝေသီ မဂ္ဂဇင်း၌ လိုက်ခဲ့ပါ့မယ် အိပ်မက်ကမ္ဘာဆီ ဝတ္ထုတွင် ကျွန်တော်က တစ်ပိုင်းတစ်စ မဆတ်တငံ့ ဖြစ်ရုံလေး ဖော်ပြခဲ့မိသည်။ ကဗျာချစ်သူများ တောင်းဆိုကြသောကြောင့် 'စိန့်အဂ္ဂနစ်အခါကြိုညချမ်း' ထိုကဗျာကို ယခု အစအဆုံး မြန်မာကဗျာစနစ်နှင့် ဘာသာပြန် တင်ပြပါသည်။

ကိ(စ်)ကို ကဗျာနှင့် ပန်းချီဆွဲပြသူ အားလုံး၏ ခေါင်းသူကြီးဟု ဆိုကြသည်။ သူသည် အရောင်အသွေးနှင့် အလှဓာတ်ကို စာဖြင့် ဖော်နိုင်သူဟု ဆိုကြသည်။ ရှုခင်းများ၊ အခမ်းအနားများ၊ ပတ်ဝန်းကျင် ဖွဲ့စည်းမှုတို့ကို ရုပ်ကြွပီပြင်အောင် ဖော်နိုင်သူဟုလည်း ဆိုကြသည်။ စာလုံးများနှင့် ကာယဝိဉာဏ်ဓာတ်ပေါ်အောင် (ခံစားရအောင်) စွမ်းလေသူဟု အထူးမှတ်တမ်းတင်ကြသည်။ ယခု ဤကဗျာ၏ အစပိုဒ်များ၌ သူစွမ်းပြထားပုံကို ရှုကြပါ။

ဤကဗျာသည် အချစ်ဖွဲ့ကဗျာသာ ဖြစ်သည်။ ရိုတ်စပီးယား စသော ကဗျာဆရာကြီးများသည် အချစ် သုံးစားအကြောင်း ဖွဲ့ကြသည် ဆို၏။ ပထမတစ်မျိုးကား လုလင်လုံမပျိုတို့၏ အပြစ်ကင်း သန့်စင်သော အချစ်။ ဥပမာ ရိုမီယိုနှင့် ဂျူးလိယက်ပြဇာတ်။ ဒုတိယအမျိုးကား အတွေ့အကြုံကသင်ပြထားသော ကိုယ်ကျိုးငဲ့သည့် အချစ်။ ဥပမာ ထရွိုက်လက်စ်နှင့် ကရက်ဆီဒါပြဇာတ်။ ။ တတိယအမျိုး

www.burmeseclassic.com

ကား ကိလေသာပြွမ်းသော အချစ်။ ဥပမာ အင်ထနီနှင့် ကလီးယာပါးတရာပြဇာတ်။

ယခု ဤကဗျာမှာလုလင်လုံမပျိုတို့၏ အပြစ်ကင်း သန့်စင်သော အချစ်အကြောင်းကိုဖွဲ့၏။ ညှိုးရန်သူဘက်တို့၏ အမုန်းတရားကို ဖြူစင်သော အချစ်နှင့် အနိုင်ယူပုံကို ပြသည်။ လူငယ်တို့အတွက် ထားရှိသော သူတော်ကောင်းလူကြီးတို့၏ မေတ္တာကိုလည်းပြသည်။ ကြွေသုဉ်းမှုနှင့် အသစ်ဖြစ်ထွန်းမှုတို့၏ သင်္ခါရအစဉ်ကိုလည်း နိမိတ္တ သဘောနှင့်ပြသည်။

သူ၏ အကောင်းဆုံးလက်ရာ ဤကဗျာကို ကိ(စ်)က သူ့ခေတ်ကဗျာဖွဲ့နည်းနှင့်မစပ်ဘဲ (၁၆) ရာစုနှစ်က စာဆိုကြီး စပင်ဆာ (SPENSER) တီထွင်ခဲ့သော ခံ့ညားသည့် ရှေးဟောင်း ကဗျာဖွဲ့နည်းပုံစံဖြင့် တမင်စပ်သည်။

ကျွန်တော်ကလည်း သူ့ကဗျာကို ကုန်းဘောင်ခေတ်လယ်မှ 'ဦးမင်း'တို့၏ လေးချိုးကြီးပုံစံဖြင့် တမင်စပ် ဘာသာပြန်ပါသည်။

**တက္ကသိုလ်ဘုန်းနိုင်**

**၁–၉–၈၉**

www.burmeseclassic.com

www.burmeseclassic.com

## THE EVE OF ST. AGNES

St. Agnes' Eve-Ah, bitter chill it was!
The owl, for all his feathers, was a -cold;
The hare limped trembling through the
frozen grass,

And silent was the flock in wooly fold:
Numb were the Beadsman's fingers while
he told

His rosary, and while his frosted breath,
Like pious incense from a censer old,
Seemed taking flight for heaven, without
a death,
Past the sweet Virgin's picture, while his prayer
he saith.

www.burmeseclassic.com

www.burmeseclassic.com

(၁)

* စိန့်အဂ္ဂနစ်အခါကြိုငယ်၊ အလို...သည်ညခင်း၊
ရိုးတွင်းခြင်ဆီအထိ၊ ချမ်းဘိတယ်။ ။

* ဇီးကွက်ငှက်တစ်မူ၊ အမွေးထူခြုံပါလျက်၊
မလုံရှာ အေးကာစက်ပေါ့၊ အရွက်တွေရေခဲ၊
မြက်တောထဲဆီ၊ ယုန်မွဲခမျာ၊
တုန်ယင်စွာနှင့်၊ ပေါ်လာငုပ်လျှိုး၊
ပြေးဝင်တိုးလို့၊
ထော့ကျိုးခုန်ဆွ သွားဟန်ရယ်။ ။

* သိုးငယ်တစ်အုပ်၊ ငြိမ်ကာကုပ်လို့၊
ရစ်ထုပ်ဝိုက်ကွေး၊ သားမွေးထုခွေ၊
ပုံလို့သာနေသည့်နှယ်၊ သနားဖွယ်ပုံ့ပုံ့။ ။

* ကျောင်းရိပ်ခိုမှီး၊ သူအိုကြီးမူ၊
ပုတီးစိပ်စဉ်၊ လက်ချောင်းတွေကျဉ်တော့သည်၊
တိုးညင်သံညောင်း၊ ဆုမွန်တောင်းသော်၊
နှာခေါင်းထွက်လေ၊ နှင်းဝေဝေလျှင်၊
ဟောင်းပေသည့်လက်ရာ၊ နံ့သာခိုးမြတ်၊
ပူဇော် အပ်သည့်၊ ကလပ်မှအငွေ့၊
ဝေ့ဝေ့လူလူ၊ သေသူမှဲ့ တစ်ဝိညာဉ်၊
ကောင်းကင်ဘုံ ခရီးဆက်၊
ပျံကာတက်လေသည့်အသွင်၊
အပျိုစင်မယ်တော်ဘုရား၏၊ ပန်းချီရယ်ထိုအနားက
ဖြတ်သွားလေသည်တမုံ့။ ။



www.burmeseclassic.com

www.burmeseclassic.com

His prayer he saith, this patient, holy man:
Then takes his lamp, and riseth from his knees,
And back returneth, meager, barefoot, wan,
Along the chapel aisle by slow degrees:

The sculptured dead, on each side, seem to freeze,
Imprisoned in black, purgatorial rails:
Knights, ladies, praying in dumb orat'ries,
He passeth by, and his weak spirit fails
To think how they may ache in icy hoods and mails

www.burmeseclassic.com

www.burmeseclassic.com

# (၂)

*	ဆုတောင်းမှုအပြီးဝယ်၊ ဖန်မီးအိမ်ယူငင်လို့၊
ခန္တီရှင်သူတော်မြတ်၊ ထရပ်ကာ။

*	လာလမ်းကိုပြန်ချီ၊ ပိန်လှီငယ်ဖြူဖျော့၊
ဖိနပ်တော့မပါ၊ ဖြည်းဖြည်းသာလျှင်၊
ခမျာသူတစ်ယောက်၊ လှမ်းလျှောက်ခဲ့ရှာ။ ။

*	ဝတ်ပြုခန်းမ၊ ဗဟိုကလမ်းမြှောင်သွယ်၊
ဝဲယာဝယ် စီကာဆန်းပါဘိ၊ ရုပ်တုတန်းထိုတစ်ထွေ
ရေခဲကာသေနေရှော့သလား၊ သနားချင့်စရာ၊
ထင်ပါလည်းထင်လောက်။

*	သံတိုင်ပတ်အကျဉ်းထောင်ဝယ်၊
ဘယ်ဝင်နှောင် ဘယ်ကံကြွေး၊
ဆပ်ပေးကာ နေကြသလား၊
'နိုက်စ်'များနှင့် 'လေဒီ' တွေ
ကိုယ်ဟန်နေဆုတောင်း၊ ကောင်းလိုက်မည့်ဂါထာ၊
အသံသာမထွက်၊ အေးစက်သည့် သံခေါင်းစွပ်၊
သံဝတ်စုံ သည်အထဲ၊ စိမ့်ခဲလို့ ကိုက်ကျဉ်မည်၊
လျှောက်လာစဉ် ဝေဝေဝါး၊ စိတ်အားသိကရိမို့၊
ပွေလီလီသူ့ရင်တွင်းဝယ်၊ မရှင်းဘူးနောက်။ ။

www.burmeseclassic.com

Northward he turneth through a little door,
And scarce three steps, ere Music's golden tongue
Flattered to tears this aged man and poor:
But no - already had his death-bell rung:
The joys of all his life were said and sung;
His was harsh penance on St. Agnes Eve:
Another way he went, and soon among
Rough ashed sat he for his soul's reprieve.
And all night kept awake, for sinners' sake to grieve.

www.burmeseclassic.com

www.burmeseclassic.com

## (၃)

*  တံခါး ငယ်မှသည်၊ ဦးတည်ကာ မြောက်ဆီဘက်၊
သူထွက်လာ။

*  သုံးလှမ်းငယ်ချီ၊ မပြည့်မီဝယ်၊ သိင်္ဂီဝင်းပ၊
ဂီတရဲ့လျှာနှုတ်ချို၊ မြူသလိုသံသာညွှန်းလို့၊
ဘိုးမွဲအိုရင်မှာလွမ်းစေသား၊ စမ်းသည့်ပမာ။ ။

*  မလွမ်းဘူးတို့ခများ၊ မရဏာနီးလေကြောင်း၊
ခေါင်းလောင်းလည်းထိုးခဲ့ပြီ၊ ဘဝမျိုးစုံလင်၊
အလှယဉ်ရှင်ဇာတ်ကြောင်း၊ ကဗျာပေါင်းအဖြာဖြာ၊
ဆိုပါခဲ့ သီတဝ။

*  စိန့်အဂ္ဂနစ် သည်ညချမ်း၊
နောက်ဆုံးဝန်သာထမ်းတော့မည်၊
စိတ်ကြမ်းမာန်ချ၊ ပြုသမျှ အကုသိုလ်၊
ဘုရားထံ ဝန်ခံဆို၍၊
ထိုထိုပြစ်ဒဏ်၊ ပေးသမျှခံမည်၊ စိတ်အကြံပြဋ္ဌာန်း၊
တစ်ပါးလမ်းဆီမှ၊ လျှောက်လှမ်းတလီ ရောက်ခဲ့ပြီဌ်၊
တည်ကြည်ခံ့ခိုင်၊ ပြာပုံထက်တက်၍ ထိုင်သည်၊
ကိုယ်ပိုင်ဝိညာဉ်၊ သူ့ဝိညာဉ်တို့၊ သန့်စင်စေကြောင်း၊
သက်သာကြောင်းကို၊ ဆုတောင်းသံဝေ၊
ဝမ်းနည်းပေစွ၊
နှောင်တပြစ်မြှေး၊
ပြာပုံထက် သန့်အောင်ဆေးတော့သည်၊
တစ်ရေးငယ်မှမမှိတ်ပြီ၊ မအိပ်သည်ညဥ့်ယံသုံးဝယ်၊
လုံးဝ မထ။ ။



www.burmeseclassic.com

www.burmeseclassic.com

That ancient Beadsman heard the prelude soft;
And so it chanced, for many a door was wide,
From hurry to and fro. Soon, up aloft,
The silver, snarling trumpets' gan to chide:
The level chambers, ready with their pride,
Were glowing to receive a thousand guests.
The carved angels, ever earger-eyed,
Stared, where upon their heads the cornice rests,
With hair blown back, and wings put crosswise on their breasts.

www.burmeseclassic.com

www.burmeseclassic.com

## (၄)

*  ရှေးမူဟောင်း သူတော်စင်ငယ်၊
သူ့နားတွင် တိုက်ဆိုင်ကြားမည်ပေါ့၊
တံခါးပေါင်းအကျယ်ကျယ်မှ၊
လွင့်ကာရယ် လေမှာမြန်း၊
နုနယ်နယ်သံချိုဆန်းက၊ နိဒါန်းသာ။

*  ဟိုဆီကသည်လာ၊ ပျာယီးပျာယာနှင့်၊
မကြာမီ စီကာရောက်၊
ညီညီညာ လေမှာမြှောက်လို့၊
ငွေရောင်တောက်ခရာကျယ်၊
ဟိန်းဟောက်မာန်ဖီနှယ်သို့၊
အပြိုင်ကွယ်ဆူညံဟီးတယ်၊
ပွဲကြီးစလာ။ ။

*  ဩော်...မြေညီဆောင်နန်း၊ အခန်းခန်းက၊
ဂုဏ်ပန်းသရေ၊
တဝေဝေနှင့်၊ လာချေမည့် ဧည့်တစ်ထောင်ကို၊
ခေါ်ဆောင်လို့ကြိုပါမည်၊
ထိန်ဖြာရောင်ဝင့် အဆင်သင့်။ ။

*  နံ့ရံပတ်ကုံး၊ ဖောင်းလုံးရင်ဖွဲ့၊
ရွက်ခဲ့သည့်စံသည့်သွင်၊
ကောင်းကင်တမန်၊ မျက်လုံးတော်သန်လှချည့်၊
ကြည့်ဟန်စိုက်စိုက်၊
လေတိုက်၍ကေသာဆံ၊ အနောက်ကယ်ပျံ့သို့၊
တောင်ပံရယ်နှစ်ဖက်၊
ရွှေရင်စုံအပေါ်ယှက်လို့၊ တင်လျက်ကယ်နှင့်။ ။

www.burmeseclassic.com

www.burmeseclassic.com

At length burst in the argent revelry,
Wht plume, tiara, and all rich array,
Numerous as shadows haunting faerily
The brain new-stuffed, in youth, with triumphs gay
Of d romanced. These let us wish away,
And turn, sole-thoughted, to one Lady there,
Whose heart had brooded, all that wintry day,
On love, and winged St. Agnes' saintly care,
As she had heard old dames full many times declared.

www.burmeseclassic.com

www.burmeseclassic.com

## (၅)

*　ဝက်ဝက်သာကွဲတော့တယ်၊ ညံ့သဲမကြာခင်၌၊
မဟာသဘင်ငွေရောင်ပွဲကို၊ ဆောင်နွဲ့ဆင်။

*　ငှက်မွေးငှက်တောင်၊ မျိုးစုံရောင်ပ၊
ဥသျှောင်ဆင်မြန်း၊
မကိုင်ရှိထွေဆန်းပါဘိ၊ ချမ်းသာသည့် မင်းပွဲလယ်၊
အရောင်ပဲ အရိပ်ပဲ၊ နတ်ပဲငဲ့လူလို၊
လန်းလတ်ကယ်စိုသည်၊ နုပျိုသူတို့ ဦးနှောက်ထဲ၊
ချစ်အောင်ပွဲ ရင်ခုန်ဇာတ်ဟာဖြင့်၊
စွဲမှတ်ကာရိုးနိုင်ဖူးပေပ၊
စိတ်ကူးတဲ့ယဉ်။　။

*　သူလေးတို့ဖြစ်ပျက်၊
နှုတ်ဆက်ကာ အသာထားလိုက်စို့၊
ဟိုနားဝယ်တသီး၊ ဂုဏ်ကြီးသည့်လှတစ်ပါး၊
နတ်အလားသူ့ဆီ၊
မနသီကာရော၊ သဘောသက်ဝင်၊
ရှုမြင်အာရုံဇောဆက်ပါစို့။

*　အကြိမ်ကြိမ်ကြား၊ မိကြီးများစကားသံ၊
အာမခံရဲလေကြတော့။ ရင်ဝမှာခုန်၊
နှင်းမှုန်သောဆောင်းနေ့လုံး၊
နှောင်ထုံးဖွဲ့အတွေးစုံငယ်၊
နှလုံးရယ်တုန်ပါဘိ၊ အာရုံဆို သည်အချစ်နှင့်၊
စိန့်အဂ္ဂနစ်ကရုဏာ၊ မဟုတ်ပါဟုတ်ပါလော၊
စိတ်မောကာ တိတ်တိတ်ခိုး သူမဖြင့်၊
စိုးထိတ်မျှော်လို့။　။

www.burmeseclassic.com

www.burmeseclassic.com

They told her how, upon St. Agnes'Eve,
Young virgins might have visions of delight,
And soft adorings from their loves receive
Upon the honeyed middle of the night,
If ceremonies due they did aright;
As, supperless to bed they must retire,
And couch supine their beauties, lily white;
Nor look behind, nor sideways, but require
Of Heaven with upward eyes for all that they desire.

www.burmeseclassic.com

www.burmeseclassic.com

## (၆)

* စိတ်လက်သာမောတယ်၊ အပြောစာအညွှန်က၊
ခါအမွန်အဂ္ဂနစ်၊ သည်ခေတ်ကြိုအခါ၌၊
ပျိုကညာတွေ့နိုင်စိတ်နှင့်၊ နိမိတ်ကို။ ။

* ဖူးစာရှင်မှန်၊ ယုယဟန်နှင့်၊ ဆယ်ပြန်ငယ်ချစ်သက်၊
ပေးဆက်သည့်နာမ်ရိပ်ပုံကို၊ ရင်ခုန်ကြည်နူး၊
အတွေ့ထူးကြောင့်၊ မူးလိမ့်မလိုလို။ ။

* ညချမ်းရင့်ချို၊ သန်းခေါင်ကိုလျှင်၊
လိုသည့်ထုံးစံ၊ အစီရင်သာမှန်တော့စေ၊
အဆာခံအောင့်ထား၊ ညလှည့်စာမစားနှင့်၊
တစ်ပါးနတ်ပျို၊ စက်ခန်းသာခိုလေရော့၊
ဗျာပိုနှင့်ကြောင့်ကြ။ ။

* သဋ္ဌာလီဖွေ၊ ပက်လက်ကယ်နေ၍၊
သရေတင့်ဆန်း၊ ကြာဖြူပန်းအလှကိုယ်ကို၊
နဂိုပကတိ၊ မွေးတိုင်းသာရှိရမည်၊
သတိကွယ့်ကျောဘက်၊ လက်ဝဲနှင့်လက်ယာ၊
မကြည့်ပါလေနှင့်၊ မျက်လွှာရယ်အသာပင့်လို့၊
ဟိုအမြင့်ကောင်းကင်ဘုံ၊ ကိုယ်လိုသည့်အာရုံဆီသာ၊
လွှဲမသုန်စိတ်ကမှန်း၊ တန်းပါလေမှ။ ။

www.burmeseclassic.com

www.burmeseclassic.com

Full of this whim was thoughtful Medeline:
The music, yearning like a God in pain,
She scarcely heard: her maiden eyes divine,
Fixed on the floor, saw many a sweeping train
Pass by-she heeded not at all: in vain
Came many a tiptoe, amorous cavalier,
And back retired; not cooled by high disdain,
But she saw not: her heart was oherwhere;
She sighed for Agnes' dreams, the sweetest of the year.

www.burmeseclassic.com

www.burmeseclassic.com

## (၇)

* လေးလေးသာဟီးတော့တယ်၊
နတ်ကြီးဝေဒနာဒဏ်ကြောင့်၊
ညည်းသည့်ဟန် သံစုံဝိုင်းကို၊ နှိုင်းသင့်ထင်။

* ‘မက်ဒလင်း’ လှုပ်ပျိုစင်၊
စိတ်ကူးမျှင်အစလေးရယ်ကြောင့်၊
အတွေးနယ်ချဲ့ကာပွားတယ်၊ နား၌မဝင်။ ။

* မျက်လုံးသန့်စင်၊ နတ်ကြယ်လျှင်မူ၊
ကြမ်းပြင်ဆီစိုက်၊ အတွဲလိုက်ကသူများ၊
ကိုယ့်နားကပွတ်သီ၊ ဖြတ်လေပြီလည်း၊
မထိငုတ်တုတ်၊ ကျောက်ရုပ်ကလေး၊
ငိုင်ငေးရမယ့်ဖြစ်အင်ငယ်၊
စိတ်တွင် ကိုယ့်အတွေးရယ်နှင့်ကြောင့်။

* ခြေသံမျိုးဟာက၊ တိုးလျှိုးညင်ညင်နှင့်၊
အပျိုမြင်ချစ်ရည်ရွှန်းတတ်ကယ့်၊
ရွှေနန်းသူ နောက်ပါမြဲလေသည့်၊
သူရဲကျော်လူရည်တတ်တွေက၊
ချဉ်းကပ်မြှူငင်လည်း၊
မအောင်မြင်ကြိမ်ကြိမ်ဆုတ်ရသည်၊
မာန်ခုတ်ဘဝင်ကိုင်သူဟု၊
ဖြေပါနိုင် မကျေအေးစေတော့၊
အရေးငယ့်ဘယ်မမြင်၊
အဂ္ဂနစ်မဖုရား၊ သနားမည့်အိပ်မက်ယဉ်၊
သည်နှစ်တွင် အသာယာဆုံးဟု၊
ပင့်လုံးရှိုက်ချိန်သင့်မွန်၊
လွမ်းခါခွင့်မျှော်စောင့်။ ။

www.burmeseclassic.com

www.burmeseclassic.com

She danced along with vague, regardless eyes,
Anxious her lips, her breathing quick and short:
The hallowed hour was near at hand: she sighs
Amid the timbrels, and the thronged resort
Of whisperers in anger or in sport;
Mid looks of love, defiance, hate, and scorn,
Hoodwinked with faery fancy; all amort,
Save to St. Agnes and her lambs unshorn,
And all the bliss to be before tomorrow morn.

www.burmeseclassic.com

www.burmeseclassic.com

## (၈)

* လှုပ်လှုပ်သာရွှေ့'ရတယ်၊
မမွေ့မပျော်ပြီတည့်၊ တစ်ချီချီ ကပြန်ဦးတော့လည်း
သောက်ရှူးကြယ့်နှစ်စိုင်က၊ ငိုင်တိုင်တိုင်မှိုင်းမှုန်မှွား
ဝိုးဝါးရီ။ ။

* နှုတ်ခမ်းငယ်လှုပ်ရွ၊ စိတ်သောကနှင့်၊
မောရသည့်အပူ၊ အသက်ရှူမမှန်၊
အချိန်တန်အခါမြတ်ရယ်၊ ရောက်လတ်လုပြီ။ ။

* စည်းနရီကိုက်၊ သိုက်မြိုက်ချူရုံ
ဗုံပြားသံယဉ်ယဉ်နှင့်၊ သဘင်စည်သည်ခန်းမ
တချို့ကဒေါသစရိုက်၊ တစ်သိုက်က လှောင်သရော်
သူတော်ချင်းချင်း၊ အတင်းတိုးတိုး
လူမျိုးစုံတို့ပွေပလီမှာ
စိတ်မအီ မက်ဒလင်း သက်ပြင်းချ။

* အချစ်မွှန်သည့်မျက်နှာ၊ ပမာမခန့်ရုပ်များ၊
ဒေါသပွားသည့်အသွင်၊
ချဉ်ချဉ်တူးသည့် မျက်နှာထား၊
ရှုစားမနေတော့ပါဘူး၊ အသေလိုသဘောထား၊
မျက်သားလွှာတမင်ပိတ်လို့၊ နိမိတ်ကယ်ကောင်းလှ၊
ရှင်မအဂ္ဂနစ်၏ ပွဲတော်ခေတ်သင်္ကေတ၊
မရိုတ်ရသေးသော အမွေးချည်နှင့်
သိုးလေးများသဏ္ဍာန်၊
မနက်ဖြန်မိုးမသောက်မီ၊ ရောက်လာမည့်အာရုံ၊
အလုံးစုံကိုသာ၊ နိမိတ်ပုံဖော်ယူဖမ်းတယ်၊
စိတ်ချမ်းလို့မြ။

www.burmeseclassic.com

www.burmeseclassic.com

So, purposing each moment to retire,
She lingered still. Meantime, across the moors,
Had come young Porphyro, with heart on fire
For Madeline. Beside the portal doors,
Buttressed from moonlight, stands he,and implores
All saints to give him sight of Madeline,
But for one moment in the tedious hours,
That he might gaze and worship all unseen;
Perchance speak, kneel, touch, kiss-in sooth such things have been.

www.burmeseclassic.com

(၉)

*  အခွင့်ပေးလျှင်လှ၊ ထပြေးမည်ကြံလျက်က၊
သူဆက်နေ။

*  ထိုစဉ်တွင်း၊ ကပ်ချဉ်းလာပါပေ့၊
ညွှန်တစ်ဖြာ ချုံပိတ်ပေါင်းရယ်နှင့်၊
ခယောင်းမြေသည်ခရီးက၊ ချစ်မီးရင်မှာလောင်ပြီး၊
မြင်းမိုရ်တောင် ဘယ်လိုဆီးသော်လည်း
မောင်ကြီးခုန်သလိုပ၊ 'ပေါဖရို'သူတစ်ယောက်၊
ရောက်ခဲ့ပေါ့ သက်ဝေ။  ။

*  မုခ်ဦးခုံကျယ်၊ တံခါးကွယ်၍
လရယ်မပြောက်၊ ကိုယ်ယောင်ဖျောက်လို့၊
ရောက်နေသည့် သူ့ခမျာ၊ စိန့်ဒေဝါညီညာဝိုင်း၊
မှိုင်းမကူကယ်လာပ့်၊ သူ့မျက်နှာ ပဝင်းပဝင်း၊
မြအဆင်းချမ်းမြပေ၊ မက်ဒလင်းစန်းလငွေကို၊
လွမ်းရလေ မြင်ချင်ဇောယ်နှင့်။

*  ဆိတ်သုဉ်းလှပေ၊ ခုအခြေတွင်၊
မသွေခဏ၊ မိနစ်မျှဖြစ်စေမူ၊
လူသူကွယ်ရာ၊ တိတ်တိတ်သာလျှင်၊
ဖူးကာသည့်ငေးယုံ၊ ကံကောင်းများကြုံလျှင်တော့၊
ရွှေငုံနှုတ်မြွက်၊ နှစ်သက်စကား၊
ဒူးထောက်ကာ ကြားချင်လှချည့်၊
အသားတော်နု၊ ကိုင်ကာယုလို့၊
ချစ်သူ့နှုတ်ခမ်း၊ ချစ်ထုံးတမ်းနှင့်၊
ချစ်နမ်းပွင့် လက်ဆောင်လျာကို၊
ချစ်တံထွာမပျက်တမ်း၊ ဆက်စမ်းချင်ရှင့်။  ။

www.burmeseclassic.com

He ventures in:let no buzzed whisper tell,
All eyes be muffled, or a hundred swods
Will storm his heart, Love's feverous citadel:
For him, those chambers held barbarian hordes,
Hyena foemen, and hot-blooded lords,
Whose very dogs would execrations howl
Against his lineage; not one breast affords
Him any mercy in that mansion foul,
Save one old beldame, weak in body and in soul.

## (၁၀)

* ဆုတ်မဆိုင်းပေဘူး၊ တံတိုင်းကျော်ခြေကွန့်လို့၊
  သူစွန့်ဝင်။
* ဘုရား...ဘုရား ...၊ လေသံများတိုးတိုး၊
  ခိုး၍မျှမထွက်ရဲ၊ မျက်လုံးတွေရှိသမျှ၊
  ခဏဖြင့်ကွယ်ပါစေ၊ ဤသို့လေမဟုတ်ငြားက၊
  ရွှေဓားပေါင်းတစ်ထောင်၊ ပမာဆောင်တင်စား၊

www.burmeseclassic.com

www.burmeseclassic.com

*  ချစ်ငှက်ဖျားတုန်ဝင်နေသည့်၊
ကိုယ့်ရွှေရင်မေတ္တာစာတ်၏၊ ခံတပ်တော်ဗဟို၊
နှလုံးဆိုဘုံအမြင့်သို့၊ မလင့်ရယ်မဆိုင်း
စစ်ချီကာဝိုင်းပါလို့၊ မုန်တိုင်းရဲ့အသွင်
အတင်းဝင်ထိုးကာဖောက်၊ သွေးသောက်လိမ့်ထင်။

*  ဩော်...ရဲတိုက်သူ့နန်း၊ အခန်းတိုင်းကြမ်းကြုတ်
ရန်လုပ်မည့်သူများတွေ၊ နယ်စားအရှင်
သခင်ကအစ၊ မုန်းသွေးတွေကြွလေချည့်
ခွေးအ အလား၊ လူသားစားမည့်စေကျွန်
ဒေါသမွန်ဟောင်ကာဟိန်း၊ ဝိုင်းခဲမည့်ကိန်းငယ်
မငြိမ်းလောင်ညီး၊ ရန်မီးစနက်
သည်အဆက်ကြောင့်၊ ကိုယ့်ဘက်နွယ်ရိုး
ကြမ္မာဆိုးလေရော့ဟု၊ တစ်မျိုးလုံးကုန်စင်အောင်
သိမ်းငယ်ကျိန်ဆိုဆဲကာနှင့်။
စက်ဆုပ်စရာ၊ အိမ်မဟာတွင်
ကရုဏာရှေ့ထား၊ နှလုံးသားခိုလှုံ
ရွှေရင်အုံများ၊ အပုံပင်ရှားတော့သည်
သနားမည့်သူဆို၊ ပေါ်ဖရိုအတွက်
မက်ဒလင်းအထိန်းတော်၊ နာမ်ရုပ်ကယ်ရော်လေပေါ့
အချိန်ကျော်ကြွေလုနီးသည့်၊ သက်ကြီးရွယ်ရင့်။ ။

www.burmeseclassic.com

www.burmeseclassic.com

Ah, happy chancel the aged creature came,
Shuffling along with ivory-headed wand,
To where he stood, hid from the torch's flame,
Behind a broad hall pillar, far beyond

The sound of merriment and chorus bland.
He startled her: but soon she knew his face,
And grasped his fingers in her palseid hand,
Saying, "Mercy, Porphyrol hie thee from this place;
They are all here tonight, the whole bloody-thirsty race!

www.burmeseclassic.com

www.burmeseclassic.com

## (၁၁)

*	ရှာစဥ်ခိုက်မှာလ၊ ကံလိုက်ကြုံသဖြင့်
အသင့်မြင်။
သက်အိုကြီးပြင်း၊ မယ်မင်းအစ်မ
လက်တွင်ကတုတ်ငယ်ချောင်း
ဆင်စွယ်ခေါင်းနှင်တံနှင့်
ဟန်ပန်ငယ်မပျက်၊ ဟိုဘက်ကူး သည်ဆီလာ
ကိုယ်ရောင်ဝါအသာဖျော့ခဲ့ပြီး
မီးမရောက်အမှောင်နယ်၊ တိုင်ကြီးရယ်အကွယ်က
သူငယ်ပျို သူ့ထံမှောက်သို့
ရောက်ခဲ့၏မှတ်မထင်။ ။
အဝေး၌သော်၊ ရွှင်ပျော်သည့်အသံလှိုင်း
တီးဝိုင်းမှသံပြိုင်နှင့်၊ ရောမြိုင်မြိုင်ထွေးဝင်ယှက်
မြူးသွက်လို့နေလေကြ၊ ပထမ၌ အမယ်အို
ထိတ်သလိုဖြစ်ပြီးမှ၊ ခဏဝယ်မျက်နှာသိ
မှတ်မိလေသောအခါ၊ သွက်ချာပါဒ
ဖြစ်ဦးစမို့၊ လက်ကတုန်ယင်
ခုံမင်မင်နှင့်၊ လုလင်၏ လက်ချောင်းများကို
စုပေါင်းကာကိုင်ဆုပ်၍၊ အဟုတ်ပင်အံ့ဩ
မနောက မယုံချင်သည်
ပြစ်တင်သံစောကာမြွက်လေ၏။

*	ဘုရားဟဲ့…ပေါဖရို ဘယ့်နှယ်ကိုသည်ဆီပေါက်
ရောက်နေရသတုံး၊ တစ်ဆွေလုံး မျိုးရန်သူ၊
သွေးဆာသူဟူသမျှ၊ သည်ညမှာတဲ့လူစုံ၊
အကုန်ရယ်ရှိသပ၊ ငါ့နှယ်နော် အမယ်လေး
တွေးလန့်ပါဘိ။ ။

www.burmeseclassic.com

www.burmeseclassic.com

"Get hence! get hence! there's dwarfish Hildebrand:
He had fever late, and in the fit
He cursed thee and thine, both house and land:
Then there's that old Lord Maurice, not a whit
More tame for his gray hairs-Alas me! flit!
Flit like a ghost away."-"Ah, Gossip dear,
We're safe enough; here in this arm-chair sit,
And tell me how-" "Good saints! not here, not here!
Follow me, child, or else these stones will be thy bier."

## (၁၂)

* "ပြန်တော့...ပြန်တော့ လူကလေး
မနေးမယောင်ပါနှင့်၊ ရှောင်ခုကွယ်။ ။

* ဟောဟိုမှာရှု၊ ဂျပုကြီး ယီး(လ်)ဒက်ဘရင်း၊
အပျင်းဖျားမကြာခင်က ငန်းဝင်ကာဖောက်ပြန်ရင်း
မင်းနှင့်မင်းရဲ့တစ်မျိုးလုံး၊ သိမ်းကျုံးပြီးဆဲသကွယ့်။
မင်းတို့ရဲ့မြေတွေပါမကျန်၊ အဆဲသန် ကျိန်စာတိုက်
မိုက်ပါဘိတယ်။ ။

www.burmeseclassic.com

www.burmeseclassic.com

*　ဟောဟိုမှာတော့
လော့(ဒ်)မောရစ်(စ်)ကိုယ်တိုင်သူ၊
ဆံပင်ဖြူခေါင်းတွေဖွေးပေမယ့်၊
အတွေးက တစ်စက်မယည်၊
မာန်ဝင်ကာရိုင်းတုန်းဟော့၊ ရွှေဘုန်းမြတ် ပေါဖရို၊
တရွှေလို လေကို လှစ်လို့၊
လစ်တော်မူပ့ါကိုယ်တော်ရယ်
အမယ်လေလေး အမယ်လေ့။ ။

*　အဲ...အဲ...သား...ခဏ၊
သည်နားကတော့ လုံတယ်ထင်၊
တွေ့တုန်းတွင် နှစ်ကိုယ်ချင်း၊
အတွင်းစကားလေးပြောချင်ငဲ့၊
မြင်ရဲ့လား ဟိုဘက်တွင်၊ လက်တင်နှင့်ထိုင်စရာ၊
အဲသည်မှာ ခဏနား၊ အဖြစ်များပြောခဲ့ပါ၊
မြတ်စွာရယ်မှဘုရား၊ အဲသည်နားမဟုတ်ဘူး
မထူးပါ ငါ့သား၊ အမေ့နားနောက်ကသာ
လိုက်လာတော်မူခဲ့၊ သို့မဟူ ရဲတိုက်လုံး၊
ကျောက်တုံးတွေရှိသမျှ၊ ဘဝငယ်ပြောင်း၊
မင့်ခေါင်းကိုတင်လေမည့်၊
အလောင်းစင်အကုန်ဖြစ်မည်
စိတ်ညစ်ပါပေ့”။ ။

www.burmeseclassic.com

He followed through a lowly arched way,
Brushing the cobwebs with his lofty plume;
And as she muttered “Wella-well-a-day!”
He found him in a little moonlight room,
Pale, latticed, chill, and silent as a tomb,
“Now tell me where is Madeline,” said he,
“O tell me, ngela, by the holy loom
Which none but secret sisterhood may see,
When they St. Agnes' wool are weaving piously.”

(၁၃)

*  မြောင်မြောင်သာ ကျဉ်းတော့တယ်၊
တောင်ထွင်းယူဂူလမ်းနှင့်၊ တူမှန်းဆွယ်။ ။

*  နိမ့်နိမ့်ရယ်မှခုံးခုံး၊ အမိုးကုံးမျက်နှာပြင်၊
ပင့်ကူမျှင်ရှိသမျှ၊
ခေါင်းထက်က ငှက်တောင်လူလျှင်၊
သိမ်းယူကာပွတ်ဆွဲလို့၊ တံမြက်လှဲလိုက်ခဲ့တယ်။ ။

www.burmeseclassic.com

www.burmeseclassic.com

*　　‘ဩော်…ဒုက္ခ…ဒုက္ခ၊ ဒုက္ခဆိုမှ ဒုက္ခ’၊
နှုတ်မှရယ် တတွတ်တွတ်နှင့်၊
ဆိုရွတ်ရင်း အမယ်အိုသည်
ပေါ်ဖရိုကို ဆောင်ကြဉ်း၊
လရောင်နှင့် လင်းရသည့် အခန်းငယ်ဆီ
မှုန်ရီရီဖြိုးဖြိုးဖျော့၊
ရာဇမတ်တော့ အကွက်ကာသည်၊
အေးစိမ့်ပါ ငြိမ်းငြိမ်တိတ်လို့၊
သုဉ်းဆိတ်သည့် ပုံဟန်နှယ်၊

*　　သချိုင်းနယ်ဂူသို့။ ။
‘မိခင်ငဲ့ အိန်ဂျလာ၊ ပြောစမ်းပါ၊
ဘယ်မှာနည်း’၊ ပူဆာမိ လုလင်ခမျာ၊
အခါမွန်သည်ခေတ်၊ စိန့်အဂ္ဂနစ်အရှင်မ
သင်္ကေတ သိုးမွေးချည်၊ ဝတ်ရုံထည် ကြည်ညိုရက်ကြသည့်၊
လျှို့ဝှက်သော သီလရှင်၊ ဂိုဏ်းဝင်သာ မြင်ထိုက်ဖူး၏၊
မြတ်ထူးစွ ရက်ကန်းစင်ကို၊ ထိပ်မှာတင် သစ္စာထားလို့၊
ဖြေကြားပါ အို…အမေ။
လှသက်ဝေ ဘယ်ဆောင်ခန်း၊
ဘယ်မှာလေ သူစံမြန်းတယ်၊ တွေ့စမ်းချင်လို့’။ ။

www.burmeseclassic.com

www.burmeseclassic.com

“St. Agnes! Ah! it is St. Agnes' Eve-
Yet men will murder upon holy days.
Thou must hold water in a witch's sieve,
And be liege-lord of all the Elves and Fays
To venture so: it fills me with amaze
To see thee, porphyro! St. Agnes' Eve!

God's help! my lady fair the conjurer plays
This very night: good angels her deceive!
But let me laugh awhile,-I've mickle time
to grieve.”

(၁၄)

‘အဂ္ဂနစ်...၊စိန့်အဂ္ဂနစ် အခါကြိုငယ်၊
အလိုကွယ်ဟုတ်သမှ၊ ဟုတ်ပါ့တော်’။ ။
*        ဒါပေသည့် ပေါဖရို၊ လူဆိုသည့် ငမိုက်သား၊
ဘုရားပွဲနေ့ ဘယ်မရှောင်၊
လူ့ဘောင်မှာ လူသတ်ကြသဟေ့၊
လူ့ဓာတ်တဲ့နော်။ ။

www.burmeseclassic.com

www.burmeseclassic.com

*　　ရေစက်တောင် ယိုမကျတဲ့၊ စုန်းမရဲ့ မှော်ဆန်ခါ၊
မင်းပိုင်ပါသလား၊ သဟာမှ မဟုတ်သော်၊
သူငယ်တော် ဝိညာဉ်နတ်တွေနှင့်၊
ဘဝဇာတ်သုံးကြိုးကိုင်၊ ကြမ္မာပိုင် နတ်သမီးတွေရဲ့။
အရှင်ကြီး သခင်မော်၊ မင်းဖြစ်တော်မူသလား၊
စွန့်စားပါပေ့ ပေါဖရိုငယ်၊ မင်းကိုမြင် ငါ့ရင်ထိတ်လို့၊
အံ့စိတ်ရယ်မှ ကုန်နိုင်သော်၊ သြော်...ရဲပါဘိ ဝံ့ပါဘိ။　။
*　　မြတ်စွာရယ်မှ ဘုရား၊ သတိများကလဲနော်...၊
သြော်...သြော်...သြော်...ဒီညာ၊ မုချတဲ့အစစ်၊
စိန့်အဂ္ဂနစ်အခါကြို၊ အလိုလေ ဟုတ်ပေသား၊
ထိပ်ထားလေး မက်ဒလင်း၊ စိတ်တွင်းက ကြံကြံဖန်ဖန်၊
အမိဋ္ဌာန် ဝင်မလို့တဲ့၊
အရှင်ကောင်း အရှင်မြတ်တွေ၊ လှည့်ပတ်သနား၊
ကျီစားတော့မည် ထင်ပါရဲ့၊
ပူပင်ရယ်မှ ကြောင့်ကြ၊ သောကရဲ့ အချိန်တွေ၊
မရေနိုင်ဆပွား၊ အမေ့မှာ များလွန်းတော့၊
ငါ့သားရယ် တစ်ခဏ၊ ရှားပါးသည်တစ်ဟာသမို့၊
ရယ်ပါရစေ မကြာညောင်းပါဘူး၊
တောင်းပန်ပါ၏’။　။

www.burmeseclassic.com

www.burmeseclassic.com

Feebly she laugheth in the languid moon,
While Porphyro upon her face doth look,
Like puzzled urchin on an aged crone
Who keepeth closed a wondrous riddle book
As spectacled she sits in chimney nook,

But soon his eyes grew brilliant, when she told
His lady's purpose; and he scarce could brook
Tears, at the thought of those enchantments cold
And Madeline asleep in lap of legends old.

(၁၅)

* ဖြူဖျော့ကာ ညှိုးတော့တယ်၊ ထက်မိုးအာကာက၊
ငွေစန္ဒာလဲ့ရုံလဲ့၊ ယဲ့ယဲ့သာ။ ။

* တောင်းပန်ပြီး သူရယ်ပြန်၊ ရယ်ဟန်မှာ အားအင်နဲ့၊
သဲ့သဲ့ညောင်နာ။ ။

www.burmeseclassic.com

www.burmeseclassic.com

* အံ့ဖွယ်တရို၊ ပဟေဠိဟု၊ အသိခဲခက်၊
လျှို့ကာဝှက်သား၊ သော့ချက်ကယ့်စာအုပ်ကို၊
ထိန်းချုပ်ပိုက်ထား၊ သက်ကြားကြီး အမယ်အို၊
ဘယ်လိုလေ ဘယ်ပုံလဲ၊ စိတ်ထဲကရှုပ်ထွေး၊
ကလေးကကြည့်သလို၊ ပေါဖရိုငေးရ၊
အိန်ဂျလာ့အသွင်၊ မျက်မှန်ရယ်ဆင်သည်လား၊
မျက်ကွင်းများ ဟောက်ပက်ပက်၊
ထိုင်လျက်ကယ် ထောင့်တစ်ချိုး၊
မီးခိုးရယ် ခေါင်းတိုင်ဘေး၌၊
အတွေးရ ကျပ်လှပါ၊ ဘာကိုရယ် သူမသိ။ ။

* သို့ရာတွင် တစ်ခဏ၊ သည်ညတွင် မက်ဒလင်း၊
စိတ်တွင်း ဘာကြံစည်ဟု၊ ဇာတ်ရည်လည် အမှုသိမှ၊
သူ့မျက်စိ အရောင်ဝေ၊
တစ်ဆောင်ဗွေ မယ့်စက်ခန်း၌၊
ကျောချင်းဖွယ် ပဋ္ဌလက်နှင့်၊
ယုံကြည်ချက် ပဝေဏိကြောင့်၊
ဒဏ္ဍာရီညှို့ရင်ပွေ့မှာလ၊
အိပ်မွေ့မည့် ချစ်သူ့ပုံဆိ၊
အာရုံရယ် ညွှတ်ကာတိမ်းမိတော့၊
မထိန်းနိုင် ကြွေလုမူးရှင့်၊
ကြည်နူးသည့် ရွှေမျက်ရည်ငယ်၊
ဝေလျက်လည်ရစ်ကာစို့တယ်၊ နှစ်မြို့ပီတိ။ ။

www.burmeseclassic.com

Sudden a thought came like a full-blown rose,
Flushing his brow, and in his pained heart
Made purple riot; then doth he propose
A stratagem, that makes the beldame start:
"A cruel man and impious thou art!
Sweet lady, let her pray, and sleep and dream
Alone with her good angels, far apart
From wicked men like thee. Go, go! I deem
Thou canst not surely be the same that thou didst seem."

www.burmeseclassic.com

www.burmeseclassic.com

## (၁၆)

*　စွင့်လန်းလို့ဖြာတော့တယ်၊
ပွင့်ဆန်းအမုံဖြေသည့်၊
ပုံအနေနှင်းဆီပွင့်နှင့်၊ နှိုင်းသင့်တူ။ ။

*　အကြံ့ငယ်ဆန်း၊ ဉာဏ်တစ်ပန်းကြောင့်၊
သွေးလျှမ်းခဲ့သူ့မျက်နှာ၊ အချစ်နာကျ၊
နှလုံးကလည်း၊ ကုန်းထခဲ့အမြန်၊
အပြန်ပြန် အထပ်ထပ်၊ အတန်တန် စေ့စေ့စပ်၍၊
သုံးသပ်ကာ သူ့ရင်တွင်း၊ ရှန်းရင်းခတ်ပူ။ ။

*　မာယာတစ်ကွက်၊ လျှပ်နယ်ပြက်မှ၊
နှုတ်မြွက်သံချို၊ တိုင်ပင်ဆိုသော်၊ ဘွားအိုလန့်ပြီး၊
ခေါင်းပန်းကြီးလျက်၊ လောင်မီးတလူ၊
ဒေါသမူနှင့်၊ ငြူစူမာန် ပြစ်တင်ပြု။ ။

*　'ပက်စက်ပေ့ကိုဟတ္တာ၊ မသမာစိတ်ပုပ်၊
မင်းယုတ်လှချည်လား၊ ငါ့ထိပ်ထားသခင်မ၊
စိတ်တိုင်းကျ သူ့ဘာသာ၊
ဆုတောင်းကာအိပ်စက်၊ အိပ်မက်လှ တဝေဝေ၊
နတ်တွေနှင့် တစ်ကိုယ်တည်း၊ သူ့ချည်းပဲနေပါစေ၊
ဝေးပါလေ တခြား၊ ယောကျ်ားဆိုအဟုတ်၊
သူယုတ်နှင့် ကင်းပါစေ၊ မင်းဟာလေ အပြင်ပန်း၊
ထင်မှန်းတာ အကုန်လွဲ၊ အကဲခတ် ငါမှားပေါ့၊
သွား...သွားဟဲ့ ကိုဟဝ္ဂါ၊
အမြန်သာ ငါ့ရှေ့နားက၊ သွားတော့ ယခု'။ ။

www.burmeseclassic.com

www.burmeseclassic.com

"I will not harm her, by all saints I swear!"
Quoth Porphyro: "O may I ne'er find grace
When my weak voice shall whisper its last prayer,
If one of her soft ringlets I displace,
Or look with rutfian passion in her face.
Good Angela, believe me, by these tears;
Or I will, even in a moment's space,
Awake, with horrid shout, my foemen's ears,
And beard them, though they be more fanged than wolves and bears.

www.burmeseclassic.com

www.burmeseclassic.com

# (၁၇)

* 'အန္တရာယ်ငယ်၊ မကြံရွယ်စိန့် အကုန်စူးပါစေ့၊
ဖောက်ကျူးသော်'။ ။

* လုလင်ငယ့် ပေါဖရို၊ ကျိန်စာဆို ကျမ်းစုံရွက်သို့၊
လေးနက်မြွက်ဖော်။ ။

* 'ချစ်သက်ကဲ့မှတ်ယူ၊ လှသသူ၏၊ မွေးကြူညှံ့နူး၊
ဆံဦးနွယ်ရွှေ၊ တစ်ခွေလေ လက်နှင့်ထိ၊
ရွှေ့မိပါသော်၊ မတော်တဆ၊ နမမျက်နှာ၊
ရိုင်းစိုင်းစွာနှင့်၊ တဏှာရိပ်မြေး၊
ခဏလေးကြည့်မိသော်၊ နွမ်းရော်မြေ့မြေ့၊
သေနေ့စေ့ခါ၊ လေသံသာရှင့်၊ ကရုဏာတရား၊
ဆုပန်ကြားလျှင်၊ ရွှေနားမဆင်၊
ဘုရားသခင် မျက်နှာလွှဲ၍၊ ငရဲပဲကျစေ့နော်၊
ယုံတော်မူပ့ါ အို...အမေ့။ ။

* စီးကျထွေလည်၊ သည်မျက်ရည်ပုလဲဥ၊
သက်သေမူ ကျွန့်သစ္စာကို၊ ပမာငယ်မပြု၊
မညှာငယ်လျစ်လျူရှုရင်လ၊ ခုခဏကြွေး၍ကြော်၊
ဟစ်အော်ကာ ကိုယ့်သေတွင်း၊
ချက်ချင်းပဲ တူးတော့မည်၊ မထူးပြီ ဤဘဝ၊
နိုးကြွ၍ ရန်သူတွေ၊ ဝံပုလွေ ဝက်ဝံများထက်၊
အသွားနှင့်စွယ်ရေပို၊ ဘယ်လိုလေ ပိုချွန်မြလည်း၊
လာကြပေ့ ဖိတ်ကာခေါ်မည်၊
သေပျော်ပြီ ဘဝတုံးလို့၊ ဆုံးပါစေလေ့'။ ။



www.burmeseclassic.com

www.burmeseclassic.com

"Ah! why wilt thou affright a feeble soul?
A poor, weak, palsy-stricken, churchyard thing.
Whose passing-bell may ere the midnight toll;
Whose prayers for thee, each morn and evening,
Were never missed." Thus planing, doth she bring
A gentler speech from burning, Porphyro;
So woeful, and of such deep sorrowing,
That Angela gives promise she will do
Whatever he shall wish, betide her weal or woe.

www.burmeseclassic.com

www.burmeseclassic.com

## (၁၈)

*　‘ဟဲ့…ဟဲ့…ဟဲ့ သူငယ်၊ ထဲ့ထဲ့ကွယ်ရှင်လေသည့်၊
ဝိညာဉ်အို တမင်ကြောက်အောင်၊
ခြောက်ရက်ပေ။　။

*　စိမ်းပါပေ့ ကိုဟဝှာရယ်၊ ငါ့မှာဖြင့်မွဲ၊
ဆင်းရဲအားနွဲ့၊ ယိုင်ရွဲ့သွက်ချာ၊ ရောဂါနှိပ်စက်၊
ခြေတစ်ဖက်က၊ သင်္ချိုင်းဝမှာ၊ မရဏာပြည်ခွင်၊
ငါဝင်လေကြောင်း၊
ခေါင်းလောင်း၏ ကြွေးကြော်သံ၊
သန်းယံရယ်တယ် မကူးမီ၊ ကျူးမြည်ထင့်လေ။　။

*　သြော်…နံနက်တစေ၊
ညနေမပျက်၊ မင်းအတွက် မေတ္တာဝေသူ၊
အမေကိုမှ မင်းခြောက်ရက်’။ ။

*　မြည်တွန်တောက်တီး၊ ကန့်ကွက်ပြီးမှ
ချစ်မီးမြိုက်ခံ၊ သူငယ့်ထံက၊ အယူခံလျှောက်ထား၊
သိမ်မွေ့သည့်စကားကို၊ ဆက်နာကြား၏၊
သနားစဖွယ်၊　အားငယ်ဝမ်းနည်း၊
အူသည်းလှိုက်လှိုက်၊ ပင့်ရှိုက်လှစ်လှစ်၊
သည်အဖြစ်ကြောင့်၊ ကြင်ချစ်ထောက်ထား၊
ငါကား အိုပြီ၊ ဖြစ်လိုရာဖြစ်၊ မဆုတ်နစ်ဘဲ၊
အချစ်ရူးလေး ပေါဖရို၊ သူလိုရာဆောင်ရွက်ရေး၊
ကတိကို ခိုင်ခိုင်ပေးတော့သည်၊
စိတ်လေးပါလျက်။ ။

www.burmeseclassic.com

www.burmeseclassic.com

Which was, to lead him, in close secrecy,
Even to Madeline's chamber, and there hide
Him in a closet, of such privacy
That he might see her beauty unespied,
And win perhaps that night a peerless bride,
While legioned fairies paced the coverlet,
And pale enchantment held her sleepy-eyed.
Never on such a night have lovers met,
Since Merlin paid his Demon all the monstrous debt.

www.burmeseclassic.com

www.burmeseclassic.com

## (၁၉)

*    စီအစဥ်ငယ်၊ တီထွင်ရယ်သူတင်ပြပုံက၊
ယဥ်လှတယ်။          ။

*    ပေါဖရိုကို၊ အမယ်အိုက၊ အပျိုစင်နန်း၊
စက်ရာခန်းသို့၊ ကြိုးပမ်းလျှိုလျှို၊ ဝှက်၍ပို့လျှင်၊
အဝတ်တို့ ထားသို၊ ဗီရို၏ တစ်ထောင့်ကြားမှာ၊
စောင့်စားခိုပုန်းမည်လေ့၊
ဘုန်းမေ့သက်လှယ်။ ။

*    ဘယ်သူမိပေလိမ့်၊ လူသိမနိုင်ရန်ကော၊
အပိုင်ကွယ် တိတ်တိတ်ချောင်းပါလို့၊
နွဲ့နှောင်းသူ့ လှမျိုးကြွယ်ကို၊
ခိုးကွယ်ငိုင်ငေးနိုင်သည့်ခွင့်။    ။

*    တပ်ဖွဲ့ကာထား၊ နတ်အများတို့၊
ရွှေ့လျားဆုတ်တက်၊ အိပ်ရာထက် အဖုံးပေါ်၊
ချိုကြတော်မှုနေတုန်း၊ မျက်လုံးရယ်မှိတ်၊
အိပ်ချင်စိတ်ကိုခေါ်၊ ဖြူရော်သည့် ပဥ္စလက်၊
ညှို့စက်ကယ့်အကုန်၊တန်ခိုးတော်ထုံနေဆဲ၊
ဘုန်းဆုံလို့ကံမလျှင်အတုလကာရီ၊ ပမာညီဘိ၊
ပါရမီဖြည့်ဆည်း၊ ဓနီးလောင်းတစ်ယောက်၊
ကောက်လို့ပင် ရနိုင်လိမ့်၊ ရှေးရှေးက ဒဏ္ဍာရီမှာ၊
မော်ဝိဇ္ဇာ မာလင်၊ သူ့အရှင်သခင်မ၊
မယ်ရက္ခ ဒီမွန်နှင့်၊ အလွန်ကျွံ ကြောက်ဖွယ့်ဟီး၊
ကျေးရူးကြီး ဆပ်ကြသည့်၊
ထိုည၏ သည်နောက်ပိုင်း၊
သမိုင်း၌ ချစ်သူဆုံ၊ ချစ်အာရုံ သည်ညမျိုးကို၊
တွေ့နိုးမည် မထင်စားခဲ့တယ်၊
ရှားလှပါရှင့်။          ။

www.burmeseclassic.com

www.burmeseclassic.com

"It shall be as thou wishest," said the Dame:
"All cates and dainties shall be stored there
Quickly on this feast-night: by the tambour frame
Her own lute thou wilt see: no time to spare.
For I am slow and feeble, and scarce dare
On such a catering trust my dizzy head.
Wait here, my child, with patience: kneel in prayer
The while, Ah! thou must needs the lady wed,
Or may I never leave my grave among the dead."

(၂၀)

* ‘မင်းရဲ့ အလိုကို၊ မငြင်းဆို အမေလိုက်မည်’ဟု၊
တုန်ခိုက်အိုရော်သည့်၊ အပျိုတော်ရှယ် လွန်မိက၊
ကတိခံ။ ။

* ‘နှစ်ပါးငယ်ကြည်၊ ပွဲတော်တည်ဖို့၊
ထားမည်သည်အခန်း၊ ရသာဆန်းချိုချဉ်၊
အမြန်ပင် စီစဉ်တော့အံ့၊ သခင်မ၏ ပန်းထိုးခွေ၊
အနီးလေ အဆင်သင့်၊



www.burmeseclassic.com

အိုးအလုံးနှင့် စောင်းကောက်ငယ်၊
ပြည့်စုံကြွယ် ဘာလိုသေးဟု၊ တွေးဆလို့ကြံ။ ။

*  သြော်...အချိန်ကလည်း မရ
ငါ့ဘဝကလည်းလှုပ်လှုပ်၊ ကုပ်ကုပ်ကယ်နေ့းနေ့း၊
အရေးတော်လေးနက်၊
ယုံကြည်ချက်သည့်တာဝန်ကို၊
ကျေပြွန်အောင် ထမ်းနိုင်ပါ့မလား၊
ချာရမ်းပေါ့ငါ့ခေါင်း၊ ကောင်းလိုက်ဘိသတ္တိ၊
ပိစိကွေးနှမ်းတစ်ဆံငယ်၊
အပေါ်ယံလျှပ်လျှပ်ပျောက်လု။ ။

*  သြော်...အမေ့သား၊ သည်နားကစောင့်၊
တအောင့်တော့ စိတ်ရှည်ပါ၊
ယုံကြည်စွာဆုကောင်း၊
ဒူးထောက်ကာတောင်းနေရစ်၊
တစ်ကြောင်းတော့ ငါမှာမည်၊ မင်္ဂလာအစစ်၊
မဖြစ်ကယ့်မနေ၊ အသရေမြတ်မြတ်၊
သခင်မဂုဏ်နှင့်ဟပ်အောင်၊
မင်းလက်ထပ်ရမယ်နော်၊ မဟုတ်သော်ငါသေက၊
သင်္ချိုင်းမြေဂူနန်း၊ တစ္ဆေပြည်မှောင်စခန်းက၊
ကျွတ်တန်းဝင်ဘု’။ ။

www.burmeseclassic.com

So saying she hobbled off with busy fear.
The lover's endless minutes slowly passed;
The dame returned, and whispered in his ear
To follow her; with aged eyes aghast
Form fright of dim espial. Safe at last
Through many a dusky gallery, they gain
The maiden's chamber, silken, hushed and chaste;
Where poorphyro took covert, pleased amain.
His poor guide hurried back with agues in her brain.

www.burmeseclassic.com

www.burmeseclassic.com

(၂၁)

*  ကြောက်ကြောက်နှင့်သာ၊
နောက်နောက်ကယ်ပွေလီရှုပ်၊ အလုပ်နှော်။

*  ဒယီးဒယိုင်၊ အနိုင်နိုင်နှင့်၊ မခိုင်ခြေလှမ်း၊
ထွက်ကြွမြန်း၏၊ စိတ်မှန်းကာစော၊
ချစ်သည့်ဖော်ကြောင့်၊ စောင့်မောသူမှာ၊ တစ်ကမ္ဘာဟု၊
ထင်ကာမှတ်တုန်း၊ အချိန်ဆုံး၌ မယ်ဘုန်းအမိ၊
ပြန်ရောက်ရှိပြီး၊ မျက်စိအိုမွဲ၊ အကြောက်ကဲ၍၊
လူပဲများမိလေမည်ကို၊ သတိငယ်ရှေ့ထားပြီး၊
သူ့နားနား အသာကပ်လျက်၊
ထက်ကြပ်ဆို နောက်အပါးက၊
စွန့်စားပြီးလိုက်ဖို့ခေါ်။ ။

*  အဆောင်ကူးလမ်းကြား၊ စကြံများမှောင်မိုန်မှိန်၊
အကြိမ်ကြိမ်ခိုးကာဖြတ်လို့၊
ရောက်ခဲ့လတ်ဘေးတွေကျော်၊
တော်ပါပေ့အောင်ပါလို့။ ။

*  ပြစ်မျိုးမတင်၊ သန့်၍စင်သည်၊ ပျိုခင်စက်ခန်း၊
ပိုးတည်ရွှန်း၏၊ ငြိမ်းချမ်းတိတ်ဆိတ်၊
ဂုဏ်ဟိတ်ကျက်သရေ၊ ဆောင်လယ်ဗွေမှာ၊
အခြေကျအနေကျ၊ စိတ်ကပီတိ၊
ရွှမ်းအိသည့်ပေါ်ဖရိ၊ အချိန်ပိုမဖြုန်း၊
ပုန်းလျက်နေရာယူ၏၊ သူ့အကူလမ်းညွှန်ကြီး၊
ခေါင်းမီးရယ်တောက်၊
ဦးနှောက်တွင်းငှက်ဖျားဝင်သည်၊
တုန်တုန်ယင် ပြေးတွယ်လျှို့။

www.burmeseclassic.com

www.burmeseclassic.com

Her lfaltering hand upon the balustrade,
Old Angela was feeling for the stair,
When Madeline, St. Agne's charmed maid,
Rose, like a missioned spirit, unaware:
With silver taper's light, and pious care,
She turned, and down the aged gossip led
To a safe level matting. Now prepare,
Young Porphyro, for gazing on that bed;
She comes, she comes again, like ring-dove
frayed and fled.

www.burmeseclassic.com

www.burmeseclassic.com

## (၂၂)

*　မမြင်မစွမ်းပေမို့၊ လက်ရန်းကိုအသာစမ်းပါလို့၊
ခြေလှမ်းငယ်ကျော်မသွားအောင်ပ၊
လှေခါးမှအိန်ဂျလာ၊ ဆင်းခဲ့ပါဏ္ဍန္ဓေကောင်း၊
ဆောင်းဘိကြွယ်။　။

*　စိန့်အဂ္ဂနစ်၊ ကြင်ကာချစ်သည့်၊ ပျိုမျစ်သန့်ရှင်း၊
မက်ဒလင်းမူ၊ အခြင်းအရာ၊ သဇာမသိ၊
မရိပ်မိဘဲ၊ ရပ်ဘိထလာ၊ ကပွဲသာကို၊
ဖဲကာတည့်ကြည့်ရှု၊
ကိုယ့်ဘာသာ ကိုယ့်တွက်ကိန်းနှင့်၊
တိမ်းခဲ့ရှောင်ဖယ်။　။

*　ဖယောင်းစိုက်ထား၊ ငွေသားတည့်အလင်းတိုင်ကို၊
စွဲကိုင်လို့ဂရုပြု၊ ရိုသေမှုနှင့်သူ့ခမျာအား၊
အိန်ဂျလာကျွန်ယုံကြီးက၊ ဆီးတဲ့၍ခေါ်ငင်၏၊
မျက်နှာပြင် မြေညီခင်း၊ ဖျာတို့လျှင်ဖြန့်ကျင်းသည့်၊
လှေကားရင်းအရောက်ကွယ်၊
ပို့တယ်ကွယ့်ပိုင်ပါဘိ။　။

*　စိတ်တွင်းကတော့ မြွက်ကာဆို၊
ပေါ်ဖရိုရယ်တဲ့ ကိုယ်တော်လေး၊
ပျံ့မွှေးသည့်ဖဲစက်ရာ၊
ငေးဖို့သာ ပြင်ကာထားပေရော့၊
လှတစ်ပါးတော့ လာချေသည်၊
လာလေပြီကွယ့်သူကလေး၊
အတောင်မွှေး တဖွာဖွာနှင့်၊
လန့်ဖြန့်ပျံလာပြေးသည့်၊
ချိုးငှက်လေးမင်းချစ်သူ၊ ပမာယူပုံဆောင်ခိုင်း၊
နှိုင်းလိုက်ချင်၏။　။

www.burmeseclassic.com

www.burmeseclassic.com

Out went the taper as she hurried in;
Its little smoke, in pallid moonshine, died:
She closed the door, she panted, all akin
To spirits of the air, and visions wide:
No uttered syllable, or, woe betide!
But to her  at, her heart was voluble,
Paining with eloquence her balmy side;
As though a tongueless nightingale should sweel
Her throat in vain, and die heart-stifled, in her dell.

(၂၃)

*   သွက်သွက်သာငယ်၊ တက်ခဲ့ပါသဋ္ဌာခန်းသို့၊
ဝင်လှမ်းစဉ်။     ။

*   ဖယောင်းမီးညွန့်၊ အသက်ကယ်စွန့်သို့၊
တွန့်တွန့်မျှင်မျှင်၊ အခိုးပင်ချုပ်ငြိမ်း၊
ဘဝသိမ်း၏၊ သန်းယိမ်းသည့်ညအခေါင်၊
ငွေလရောင်နှင်းရိပ်စိုး၊ ညှိုးညှိုးအောက်တွင်။     ။



www.burmeseclassic.com

www.burmeseclassic.com

✳ တံခါးကိုပိတ်၊ နှုတ်ကဆိတ်လည်း၊
ပြည့်သိပ်လည်ပင်း၊ ဖိကာတင်းရ၊
လေတွင်းမှာပေါ်၊ အရိပ်သော် အရောင်လား၊
ဝိုးဝါးမကြည်၊ ဝိညာဉ်ပြည် လောကသားနှင့်၊
မခြားအတူ၊ စကားမူသံမထွက်၊
အိပ်မက်တွင်းက ပုံသွင်လို၊
ကြုံအင်ငယ်ခက်လှချည့်။ ။

✳ တစ်လုံးမျှသံသာ၊ မထွက်လာစေနှင့်၊
ထွက်ပါသော် ကြမ္မာဆိုးမည်ဟု၊
ဆိုရိုးက သည်ပုံလာတော့၊
တိတ်တိတ်သာ စိတ်နှင့်ပြော၊
သဘောကသည်လို၊ နှလုံးဆိုသည့် နှလုံးသား၊
သဘာဝတရားကလည်း၊ စကားလှကြွယ်ပါဘိ၊
အလှယ်လှယ် အလင်္ကာမှုနှင့်၊
နုနုတည့် ယဉ်ယဉ်တွေ၊ နာကျင်ပြီ မပြောရလို့၊
သောက၏ ဝဋ်ဒဏ်၊ ကျုံး၍သာ ခံရသည်၊
ဟိုတောင်ယံတော၊ လျှာမဲ့သော ညငှက်ငယ်၊
လွမ်းစဖွယ်ချိုမြ၊ တေးလှကို ဘယ်လိုကျိုး၊
ဆိုရိုးငယ် ဆိုမရတော့၊ ရောင်အမ်းစွသူ့လည်တိုင်၊
နှလုံးလိုဏ်မွန်းကာဆို့လို့၊ သေရသို့ပမာဟန်နှယ်၊
ကြမ္မာကံ သည်အရိုင်းကို၊ နိုင်းရမည်တည့်။ ။

www.burmeseclassic.com

www.burmeseclassic.com

A casement high and triple-arched there was,
All garlanded with carven imageries,
Of fruits, and flowers, and bunches of knot-grass,
And diamonded with panes of quaint device,
Innumerable of stains and splendid dyes,
As are the tiger-moth's deep-damasked wings:
And in the midst, mong thousand heraldries,
And twilight saints, and dim emblazonings,
A shielded scutcheon blushed with blood of queens and kings.

www.burmeseclassic.com

www.burmeseclassic.com

(၂၄)

* ခုံးခုံးငယ်လျှင်၊ သုံးကုံးမုခ် တန်ဆာဆင်သည်၊
လေသာဝင်မှန်ပြတင်းက၊
အဆင်းရယ် အရောင်တင့်၊ အမြင့်တွင်။ ။

* ကောက်ကြောင်းပန်းချီ၊ စုံပါပြီတည့်၊
မှန်ဆီတထူး၊ ခြူးသီး၊ ခြူးဆန်း၊
ခြူးပန်း ခြူးမြတ်၊ ခြူးရွက်နှင့် ခြူးနွယ်ခွေ၊
အံ့ဖွယ်ပေလက်ရာစွမ်း၊ မွမ်းတဲ့လို့ဆင်။ ။

* စိန်ခြယ်ရောင်တောက်၊ အပြောက်တန်ဆာ၊
ရောင်ဝါသီးခြား၊ အတွင်းသား၌၊
သွင်းထားလို့ဆေးစုံသည်၊ တစ်ဂုဏ်ရယ်စံမြော က်၊
အံ့လောက်ပေ့ မှန်နန်းစင်ငယ်၊
ကြော့ယဉ်ပေတမုံ့။ ။

* ကျားပိုးဖလံ၊ အတောင်ပံလျှင်၊ သဏ္ဍာန်တုဆန်း၊
ကနုတ်ပန်းကလည်း၊ ခမ်းနားပေတင့်တင့်၊
နှင်းဆီသွေး ရင့်ရင့်ရှင့်၊ အမျိုးနှင့် အနွယ်မွန်၊
ရည်ညွန်ကာဖော်ပြ၊ သကော်တတံဆိပ်ပုံ၊
ထောင်သောင်းလည်းစုံလှသည်၊ အရဏ်တက်ချိန်၊
ဆင်းမှိန်မှိန်သို့၊ မထိန်လေတတ်၊ ထိန်လေတတ်၌၊
စိန့်နတ်အသွင်တွေ၊ ထွေထွေပြားပြား၊
ဒီဇိုင်းတွေကြားမှာ၊ ကြွားပါပေ့ ဝင့်ဝင့်၊
ဘုရင်နှင့်မိဖုရား ဘိုးဘွားသွေးနီ၊
မဟာဆီတောက်ရွှန်း၊ ရဲလို့သာထွန်းတော့သည်၊
ဒိုင်းဝန်းက စုန့်စုန့်။ ။

www.burmeseclassic.com

Full on this casement shone the wintry moon,
And threw warm gules on Madeline's fair breast,
As down she knelt for Heaven's grace and boon;
Rose-bloom fell on her hands, together prest,
And on her silver cross soft amethyst,
Aad on her hair a glory, like a saint:
She seemed a splendid angle, newly drest,
Save wings, for heaven: Porphyro grew faint:
She knelt, so pure a thing, so free from mortal taint.

(၂၅)

* စံမီကြွယ်ပေ၊ မှန်စီခြယ်ပြတင်းက၊
လမင်းဖြာ။ ။

* ကောင်းကင်ဘုံသို့၊ ရိုကျိုးဒူးထောက်၊
ပန်ထားလျှောက်သည်၊ ချီးမြှောက်သနား၊
အောင်ဆုများဟု၊ တစ်ပါးနတ်ဆင်း၊
မက်ဒလင်း၏၊ ဝင်းဝင်းမို့မို့၊ ရွှေရင်စို့ထက်၊
သက်လို့သာလင်း၊ ဆောင်းတွင်း၏ လရောင်မျှ၊

www.burmeseclassic.com

* နွေးပူဘိအလား၊ ထင်ယောင်မှားရှင့်၊
မှန်သားက အရောင်လျှင်၊
ကိန်းခိုဝင်လျှပ်ကာပြေးတော့၊
ပတ္တမြားသွေးနီလွင်လွင်၊ အစင်းထင် အကန့်ကန့်၊
သီးသန့်ရောင်ဝါ။ ။

* ဖိကာပူးယှက်၊ လက်နှစ်ဖက်၏၊ အထက်ဆီလည်း၊
ကျသက်သဏ္ဍာန်၊ ပုံဟန်တင့်ဆန်း၊
နှင်းဆီပန်းပွင့်တွေ၊ ဆင်မြန်းလည်ဆွဲ၊
ရင်မှာဝဲသည့်၊ ရွှေခဲရွှေသား၊ လက်ဝါးကပ်တိုင်၊
ကွန့်မြူးလှိုင်သည်၊ ရောင်မြိုင်ပြိုးပြွမ်း၊
ခရမ်းနီလာ၊ လဲ့လဲ့ဖြာ၏၊ ကေသာဆံဦး၊
ရောင်လျှံမြူးခဲ့၊ ထူးပေသည့် ဆင်းကလျာငယ်၊
ပမာလျှင် စိန့်နတ်သို့။ ။

* ဩော် . . . အတောင်ပံသာ၊ မပါသည်တစ်ခုပဲ၊
တစ်ခဲနက်ကုံလုံ၊ ကောင်းကင်ဘုံဆီ၊
ခိုလှုံဝင်ခစား၊ ခရီးငယ်သွားလေဖို့၊
ဝတ်စားလို့ပြည့်စုံပါ၊
နတ်တစ်ပါး ဆင်းသူဇာရယ်၊
ဒူးထောက်ကာစံနေဟန်က၊ မြေယံမှလူ့နွယ်ရိုး၊
သေမျိုးပြစ်ငြိမထင်၊
ဖြူစင်သည် မကြိုတောင်းတာမို့၊
ရှုချောင်းသည့် ပေါဖရို၊
အသက်ကိုရှူနိုင်ဘူးငယ်လေ့၊
မူးမေ့နေလို့။ ။

www.burmeseclassic.com

www.burmeseclassic.com

Anon his heart revives: her vespers done,
Of all its wreathed pearls her hair she frees;
Unclasps her warmed jewels one by one;
Loosens her fragrant bodice; by degrees
Her rich attire creeps rustling to her knees:
Half-hidden, like a mermaid in sea-weed,
Pensive awhile she dreams awake, and sees
In fancy, fair St.Agnes in her bed,
But dares not look behind, or all the charm is fled.

(၂၆)

* တဒင်္ဂသာပ၊ ခဏဝယ်ပြန်လည်ဘိ၊ သတိဝင်။ ။
* ပရိတ်ညဝတ်၊ ဆိုရွတ်ပြီးဆုံး၊ လှတစ်ဘုန်းကား၊
ဆံထုံး၌၊ ပုလဲပန်းခွေ၊ ဖြုတ်ပယ်လေ၏၊
ထွေထွေဝတ်ထား၊ ကျောက်မျက်များကို၊
အားလုံးတည့်ချွတ်၍ပုံ၊
ကြည်ယုံလို့မှတ်ကာထားသည့်၊
မိကြီးများ မှာလေတိုင်း၊ ဆိုင်းမတွပင်။ ။



www.burmeseclassic.com

* ရနံ့ငယ်ကြိုင်၊ ပျံ့လှိုင်ကြူသင်း၊
ကိုယ်တွင်းကပ်ဘော်လီ၊ အင်္ကျီကစ၊
ကိုယ်မှတန်ဆာ၊ ဝတ်လွှာဖိုးတန်၊
တစ်ထပ်မျှ မကျန်အောင်၊ မှန်မှန်ရဲ့ အေးအေး၊
ဖြည်းဖြည်းလေးတညင်ညင်၊
ပိုးသံလွင် တရွမ်းရွမ်း၊
ချွတ်စမ်း သည်ဒူးတိုင်ရောက်တော့၊
ဂုဏ်မြောက်စွလှသည့်သွင်ငယ်၊
ပင်လယ်မှာ ရေမျော်ဝိုင်းလို့၊
ကိုယ်တစ်ပိုင်း လှစ်ကာဖော်သည့်၊
ရေနန်းပျော် ရေသူမ၏၊ အလှနှင့် တူမျှအင်၊
ရှုမြင်သူ မောဖိုလှိုက်။ ။
* မက်ဒလင်း သူ့ခမျာ၊ ရင်မှာရတက်၊
လှိုင်းဂယက်နှင့်၊ နိုးလျက်ကပင်၊
အိပ်မက်ကယ် မြင်သည့်လား၊
ခုတင်ထက် ဖဲစက်ရာမှာ၊
တင့်တယ်စွာ အသွင်စစ်ရှင့်၊
အဂ္ဂနစ်စိန့်သခင်ကို၊ ဖူးကာမြင် တဒင်္ဂ၊
တွေ့လိုက်ရတင်၏၊ သို့ရာတွင် ငြိမ်ကာသက်၊
ပဥ္စလက်ပျောက်၍ကွယ်၊
ပျက်ပြယ်မည် စိုးရိမ်ကြောက်သည်မို့၊
ကျောနောက်ဘက်မကြည့်ပြီ၊
ရှေ့ဆီသာတည့်တည့်လေး၊
ငေးလျက်သာစိုက်။ ။

www.burmeseclassic.com

www.burmeseclassic.com

Soon , trembling in her soft and chilly nest,
In sort of wakeful swoon, perplexed she lay,
Until the poppied warmth of sleep oppressed
Her soothed limbs, and soul fatigued away;
Flown, like a thought, until the morrow-day;
Blissfully havened both from joy and pain;
Clasped like a missal where swart Paynims pray;
Blinded alike from sunshine and from rain,
As though a rose should shut, and be a bud again.

www.burmeseclassic.com

www.burmeseclassic.com

(၂၇)

*   လျှော့လို့သာလျှော်ရတယ်၊
ပျော့ပျော့ညင်သာလည်း၊
ရွှေသဏ္ဍာစိမ့်ကာချမ်းလေဘိ၊
စက်ခန်းဘုံ ရွှေခုတင်ထက်၊ တုန်လျက်ယင်။ ။
*   မိန်းမော တစ်ဝက်၊ နိုးတစ်ဝက်နှင့်၊
စိတ်လက်ထွေပြား၊ ဝိုးဝါးလို့ထွေ၊ သို့အနေမှ၊
မူးဝေအောင် ပိုက်ကာထွေး၊
အိပ်ချင်မူယစ်တစ်ဆေး၏၊ အငွေးကနိုပ်နယ်သော်၊
လက်ရယ်နှင့်ခြေများ၊
ပျော့သွားပါ့ ကြောအခြင်ငယ်။
ဝိညာဉ်ပင်မောလေချက်ကြောင့်၊
ပြေးထွက်ခဲ့ ကိုယ့်အပြင်။ ။
*   ပုံလေတည့်ပုံလေ၊ စိတ်ကူးတွေ အတောင်ဖွင့်လို့၊
ဝေးမြင့်မြင့် လေဟာပြင်၊
လွင့်စဉ်ကာပျောက်လေသို့။ ။
*   အယူမိစ္ဆာ၊ ကျမ်းတစ်စာလျှင်၊ မကွာစေ့စိပ်၊
ပူးညပ်ပိတ်သို့၊ သုဉ်းဆိတ်ဝေဒနာ၊
သတိလျှင်ကွာတော့သည်၊ ချမ်းသာဆင်းရဲ၊
မသိဘဲကို၊ နေကျဲပူပူ၊ မိုးမှုသည်းသည်း၊
မှောင်လို့သာမည်းတော့မည်၊
သို့ချည်းသာ နောက်တစ်ရက်၊
နံနက်ကယ် စင်စင်လင်းသည်ထိ၊
ရွှေနှင်းဆီ ပွင့်လှာလိပ်လို့၊
တံခါး ပိတ် ပြန်ကာငုံသို့၊
ပမာပုံမွှေ့ပျော်အိပ်သည်၊ ငြိမ်းဆိတ်ညံလို့။ ။

www.burmeseclassic.com

Stolen to this paradise, and so entranced,
Porphyro gazed upon her empty dress,
And listened to her breathing, If it chanced
To wake iuto a slumber us tenderness;
Which when he heard, that minute did he bless,
And brathed himself: then from the closet crept,
Noiseless as fear in a wide wilderness,
And over the hushed carpet, silent, stept,
And'tween the curtains peeped, where, lo!- how fast she slept.

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

## (၂၈)

*   လျှို့ဝှက်လို့ ချဉ်းမိတယ်၊
ညှို့ချက်ပြင်း တစ်အာရုံကြောင့်၊
ချမ်းသာဘုံ အရောက်စောလို့၊ မိန်းမောသူ။    ။

*   စွန့်ကာငဲ့ပစ်သွား၊ ချွတ်ထားသည့် အဝတ်ပုံဆီ၊
ငေးရုံသာ ငေးရာမှ၊ နောက်ကျတော့ တစ်ဖန်၊
သတိတမံက၊ ချစ်သူထံ ရှေးရှုသွားလို့၊
နှာခေါင်းဖျား ဝင်ထွက်လေ၊ အိပ်ပျော်နေ လက္ခဏာ၊
ဘယ်ခါမှထင်ရှား၊ သိသိသာကြားမည်လား၊
နားစိုက်ထောင်ယူ။    ။

*   အသက်ရှူဟန်၊ ငြိမ်းငြိမ်းလေးမှန်မှ၊
အချိန်တန် အခါမြတ်ကို၊ ဆတ်ဆတ်ကြီး ကျေးဇူးတင်၊
ကိုယ်ပင်လျှင် ယခုမှ၊ အောင့်ရသော အသက်ကိုရှူ၊
ဝဋ်တစ်မူ ကျွတ်ပြန်ဘိတော့ရ။ ။

*   ပုန်းရာမှခွာ၊ ပမာစကား၊
အကြောက်ဆို ထိုတရားလျှင်၊ တောဖျားငဲ့လျှိုမြောင်၊
သီခေါင်ခေါင်လွင့်ပါး၊ သူ့အသံ လူမကြား၊
ခံစားမှု နာမ်သဘောနှယ်၊ သတိစောဆိတ်ဆိတ်၊
တိတ်တိတ်ရယ် ဗီရိုကြားက၊ ဝပ်တွားပြီး ထွက်ခဲ့သည်၊
အိစက်သည့်ကော်ဇောက၊ အသံသဘောစုပ်ကာယူတော့၊
လှမ်းတော်မူညက်ညက်၊ သက်သက်ကယ်ငြိမ့်ငြိမ့်နှင့်၊
တင်းတိမ်ကို အသာလှစ်လို့၊ ချစ်သူကို ချောင်းသမှု၊
ရှုမိသောအခါ၊ အို…ခမျာ အိပ်ပျော်မောပေါ့ကွယ်၊
ဇောဘဝင်ကျ။        ။

www.burmeseclassic.com

Then by the bed-side, where the faded moon
Made a dim, silver twilight, soft he set
A table, and, half anguished, threw thereon
A cloth of woven crimson, gold, and jet:-
O for some drowsy Morphean amulet!
The boisterous, midnight, festie clarion,
The kettle-drum, and far-heard clarinet,
Affray his ears, though but in dying tone:-
The hall-door shuts again, and all the noise is gone.

www.burmeseclassic.com

www.burmeseclassic.com

(၂၉)

*  လမင်းရဲ့ အရှိန်ငယ်၊
ပဝင်းမထိန်နိုင်တော့၊ မှိန်တမှိန် ငွေရည်စို့ရုံမျှ၊
ဆည်းဆာရောင် ရီရီပျို့လေသည့်၊ မှုန်ညို့ရာ။။

*  ချစ်သူငဲ့စက်ပျော်၊ သဥ္ဇာတော်ဟု၊
သော်မော်ကြော့နံဘေး၊ မြတ်လေးတဲ့ညင်ညင်၊
စားပွဲတစ်လုံး အသာပြင်ရ၊ ရှုချင်ဖွယ်ကြက်သွေး၊
ရွှေဆေးနှင့်မဟူရာ၊ ရောယှက်ဖြာ အဝတ်ခင်းလို့၊
ဖြန့်ကျင်းစဉ် သောကမျိုးရယ်၊ စိုးတစ်ဝက်ရင်မှာ။ ။

*  မြတ်စွာဘုရားမှဘုရား၊ နတ်သားမောဖိယက်(စ်)၊
အိပ်စက်ခြင ်းကို စိုးလေသည့်၊ တန်ခိုးရှင် သူ့လက်ဝှဲ့၊
ချီးတဲ့လို့မြှင့်လေပါ၊ ကျိတ်ကာဖြင့် ဆုတောင်းမိ။ ။

*  အကြောင်းဆိုသော်၊ သန်းခေါင်ကျော် ပွဲအပြီး၊
ခရာကြီးခြိမ်းကျယ်၊ အဝဝယ် သားရေကျက်သည့်၊
ကြေးဝါလက်စည်ပြတ်သံရယ်၊ စူးညံ့ညံ့အဝေးရောက်ဘိ၊
တော်သေးထင်ပါ၏၊ လျှင်မကြာခန်းများဆီက၊
တံခါးတွေ အကုန်ပိတ်လို့၊
တိတ်ဆိတ်ကာ ငြိမ်ကျသွားသည်၊
ဘုရား မပါ၏။ ။

www.burmeseclassic.com

And still she slept an azure-lidded sleep,
In blanched linen, smooth, and Iavendered,
While he from forth the closet brought a heap
Of candied apple, quince, and plum, and gourd;
With jellies soother than the creamy curd,
And lucent syrops, tince with cinnamon;
Maana and dates, in argosy transferred,
From Fez; and spiced dainties, every one,
From silken Samaareand to cedared Lebanon nrn .

www.burmeseclassic.com

www.burmeseclassic.com

## (၃၀)

* နီလာစင်ကြယ်၊ ကြည်ပြာလွင် လဲ့လဲ့မောင်းလေဘိ။
စလောင်းဆို ကောင်းကင်ပိတ်သည့်၊
အိပ်ခြင်းဘုံရှင်စံလျက်၊ ခင်စက်ပျော်။ ။

* ဩော်...ချစ်တဲ့သူ မက်ဒလင်း၊
လက်ဗင်းဒါးနဲ့လိုင်ကြူ၊ ဖြူဖြူစင် မွတ်ညက်ချော၊
သန့်ပြန့်သော အခင်းထက်၊ အိပ်စက်ပျော်နေတုန်း၊
မောင်ဘုန်းတဲ့ရွှေကိုယ်၊ ဗီရိုမှာရှိသမျှ၊
ထုတ်ချခဲ့ တစ်ပုံတစ်ပင်၊ စားပွဲတွင် ညစာခင်းသည်၊
မင်းအတွက်ပါနော်။ ။

* နို့ခမ်းမလိုင်၊ ဖက်ကာပြိုင်လည်း၊
မနိုင်ညံ့နူး၊ ပျစ်ပုံထူးသည့်အချိုရည်၊
ရှမ်းစိုကြည် လွမ်းလို့မိုးအောင်၊ ယိုထိုးထားပါရ၊
ရှားလှသည့်ပန်းသီး၊ ဥသျှစ်ရည်ဆီးတော်နှင့်၊
အံ့ချီးဖွယ်ဖရုံယို
ကောင်းဆိုပေ့ ရသာမော်တွေ၊
အသင့်သော် သုံးဆောင်ကြဖို့။ ။

* သစ်ကြံပိုးနံ့၊ သင်းပျံ့ပျံ့နှင့်၊
ဝင်းဖန့်ဖန့်ကြည်၊ ဖျော်ရည်က အမျိုးမျိုး၊
ဟိုးလေးငွဲ့ကျော်၊ ဖက်(စ်)မြို့တော် မော်ရိုကိုကမ်းက၊
သင်္ဘောတော် သယ်လာစမ်းသည့်၊
ရှေးကျမ်းပါ မန္နာမုန့်နှင့်၊
တမြို့မြို့စားရန်မွန်၊ စွန်ပလွံ့'လည်းပါ၊
ဆမာကန်ဥဇဘက်၊ တောက်လက်သည့် ပိုးထည်မြို့နှင့်၊
စီးဒါညို့တောဟောဝန်၊ လက်ဘနွန် သာစခန်းက၊
ကူးသန်းလို့ကုန်သွယ်၊ အလှယ်လှယ်ကြိုင်မွှေး၊
ရသာစုံ ချိုချဥ်အေးတွေက၊ ငွေးပြည့်ကြွယ်လို့။ ။

www.burmeseclassic.com

These delicates he heaped with glowing hand
On golden dishes and in baskets bright
Of wreathed silver: sumptuous they stand
In tne retired quiet of the night,
Filling the chilly room with perfume light:-
"And now, my love, my seraph fair, awake!
Thou art my heaven, and I thine cremite:
Open thine eyes, for meek St. Agnes' sake,
Or I shall drowse beside thee, so my soul doth ache."

www.burmeseclassic.com

## (၃၁)

*   ရသာစုံကို၊ လှပါရုံဘယ်မက၊
ဝင်းပသော သူ့လက်များနှင့်၊
ပန်းကန်ပြားရွှေသင်္ဂါ၊ ငွေမျှင်ချည်လက်လက်နှင့်၊
ထိုးရက်သည့် ခြင်းတောင်းလျှံ၊
ပေါင်းလန်အောင် သူဖြည့်လို့၊ ပုံထည့်ပါ။ ။

*   လောကနှင့် အဆက်ပြတ်၊ သတ်သတ်ကယ်ထီးထီး၊
ဆိတ်ငြိမ်ပုံကြီးလှသည့်၊ ချမ်းစီးသော ခန်းသာမှာ၊
ထည်ဝါဘိစားတော်ပွဲက၊ ရခဲစွ နတ်သုဒ္ဓါနှယ်၊
လေမှာကွယ် မွှေးရုံနှံ့၊ သင်းပျံ့ညင်စွာ။ ။

*   "တောင်ပံသုံးစုံ၊ တန်ခိုးရှင်နှင့်၊
ကိုးဘုံရဲ့ထိပ်ဆုံး၊ နတ်ချင်းမတူ ပြိုင်သူရှုံးသည့်
တစ်ဘုန်းဆာရက်(ဖ်)၊ ချစ်သက်အလှ၊
မောင့်နမရေ...၊ထပါလေတော့၊ ထပါတော့၊
ထားကြော့က မောင့်ကောင်းကင်၊
မောင်လျှင် လေမင့်ရသေ့၊
သူတော်စင်မြတ်ခလေ့လို့၊ အောက်မေ့ပြီး ကြည်သာ၊
မှတ်ကာကွယ့် ယုံတော့။ ။

*   စိန့်အဂ္ဂနစ်၊ မေတ္တာစစ်နှင့်၊
မယစ်ကွယ့်စောင်းမာန်၊ နှိမ်ချဟန် သူ့ဂုဏ်ထောက်လို့၊
မကြောက်ကယ်မဖင့်၊ မျက်လုံးတော်ဖွင့်ပါတော့၊
ဤသို့ဖြင့်မဟုတ်လျှင်၊ မလုပ်ချင်ပါသော်ကော၊
ကျွန်ုပ်ပင် ဈာန်တွေလျှော့ပြီး၊
နာကျင်သော ဝိဉာဉ်နှင့်၊ မင့်ဘေးတွင် အသာလှဲလို့၊
ငိုက်ပွဲကြီး ဆင်မိမယ်နော့"။ ။



www.burmeseclassic.com

www.burmeseclassic.com

Thus whispering, his warm unnerved arm
Sank in her pillow. Shaded was her dream
By the dusk curtains:-' twas a midnight charm
Impossible to melt as iced stream:
The lustrous salvers in the moonlight gleam;
Broad golden fringe upon the carpet lies:
It seemed he never, never could redeem
From such a stedfast spell his lady's eyes;
So mused awhile, entoiled in woofed phautasies,

www.burmeseclassic.com

www.burmeseclassic.com

(၃၂)

*   ရိုးရိုးပါကွယ်၊ တိုးတိုးသာ ညည်းညူလျက်
နွေးပူသည့် သူ့လက်မောင်း၊
ကောင်းကောင်းတော့ အားမရှိ၊
ချိုသလိုဖြစ်ရင်း၊ မက်ဒလင်းကို ခေါင်းအုံးမှ၊
ပွေ့ကျုံးကာ မ,ပါလို့၊ ထူရတယ်။ ။

*   ခမျာမူစက်ပျော်လျက်၊ မည်းနက်သည့် ကမ္ဗလာ၊
ပိတ်ကွယ်ကာမိုး၊ အရိပ်မှောင်စိုးလေသည့်၊
တန်ခိုးဝင် အိပ်မက်ထဲပေမို့၊ ရေခဲသည့် စမ်းချောင်း၊
အရည်ပျော်အောင် မတတ်ကောင်းသို့၊
ဖြစ်တောင်းဖြစ်ဖွယ်။ ။

*   သန်းခေါင်ယံ ပဋ္ဌလက်၊ ညို့ချက်ကယ်သည်းထန်၊
ပြင်းဟန်ငယ်ရှိ၊ ဆိတ်သုဉ်းဘိခန်းသာမှ၊
လရောင်ဖြာ စားမြိန်ခွက်တို့၊ ပြိုးပြက်ပြက်တစ်တန်၊
ကွင်းကွက်ကွက်ရောင်ပြန်တွေ၊
ကော်ဇောထံကျကာဆင်းတော့၊
စိတ်တွင်းက အတွေးကြွယ်၊ဟိုနှယ် ရယ်သည်သို့။ ။

*   သြော်...မျက်လုံးများထက်၊ လွှမ်းသည့်စက်ကို၊
တစ်သက်ဖြင့် သည်ခါ၊ ဖျက်နိုင်ပါတော့မလား၊
ဒွိဟပွားဝိတက်ဆင်၊ စိတ်ရက်ကန်း ဖောက်သည့်မျှင်မှာ၊
ငြိတွယ်ဝင်ကွက်စုံဆန်းတွေနှင့်၊ သမ်းယှက်ထွေလို့။ ။

www.burmeseclassic.com

www.burmeseclassic.com

Awakening up, he took her hollow lute,-
Tumultuous,-and, in chords that tende-
rest be,
He played an ancient ditty, long since
mute,
In Provence called, "La belle dame sans
mercy":
Close to her ear touching the melody;-
Wherewith disturbed, she uttered a soft
moan:
He ceased-she panted quick-and sudd-
enly
Her blue affrayed eyes wide open shone:
Upon his knees he sank,pale as smooth-
scultured stone.

www.burmeseclassic.com

www.burmeseclassic.com

## (၃၃)

* ရိပ်ရိပ်ကယ် မှူးတော့တယ်၊ စိတ်ကူးနယ် တစ်ဖန်နိုးမှ
အိုးလုံးနှင့် စောင်းကိုယူ၊ တေးကျူးကာ ဆိုပါရ၊
ချိုမြရန်။ ။

* တုန်တုန်ရယ်သွက်သွက်၊ သူ့လက်ကစမ်း၊
အထမ်းနှင့်မောင်းနင်း၊ သာယာခြင်းမက၊
သာယာလှအောင်၊ ရှေးမှတေးမျိုး၊
ရိုးရိုးနှင့်တိုတို၊ ပရိဗင်း(စ်)နယ်ပြင်သစ်တိုင်းက၊
သမိုင်းမြုပ်လုကဗျာ၊ ‘ကရဏာမဲ့ လှသူဇာ’ကိုး၊
လွမ်းဖွယ်ရာ နားတော်သွင်းသည့်၊ ညင်းနုမှန်မှန်။ ။

* ထိုခါရယ်ကျမှ၊ ချစ်ရသူ မက်ဒလင်း၊
လန့်နိုးရင်းညည်းသံချို၊ အသက်ကိုလှိုက်လှိုက်၊
ဖိုကာရှိုက်နေတော့၊ ရပ်လိုက်ရချစ်တေးသံ၊
အောင်ပြန်ကွယ့် တစ်ဆန္ဒ။ ။

* ခဏပင်ချက်ချင်း၊ ပွင့်လင်းခဲ့ မျက်နှစ်မြွာ၊
စိုးရိမ်ကယ် ဖြာဖြ ဝမို့၊ အသာကွယ် ဒူးကိုထောက်လို့၊
ကျောက်ရုပ်လေး မွတ်ညက်ဖြူလို၊
ချစ်တဲ့သူ ခုတင်ဘေးမှာ၊
အေးဆေးငြိမ်ရ။ ။

www.burmeseclassic.com

www.burmeseclassic.com

Her eyes were open, but she still beheld,
Now wide awake, the vision of her sleep:
There was a painful change, that nigh expelled
The blisses of her dream so pure and deep
At which fair Madeline began to weep,
And moan forth witless words with many a sigh.
While still her gaze on Porphyro would keep;
Who knelt, with joined hands and piteous eye,
Fearing to move or speak, she looked so dreamingly.

www.burmeseclassic.com

www.burmeseclassic.com

(၃၄)

*　ဘယ်မမုန်းနိုင်ဘုကွယ်၊ မျက်လုံးရယ် စုံဖွင့်ပေါ့၊
ဘုံမြင့်ကြွယ်။

*　မက်ဒလင်းသူ့စိတ်တွင်၊ကြည်ကြည်လင်နိုးပါလျက်က၊
အိပ်မက်မှ နိမိတ်အသွင်၊ ပြက်ပြက်ထင် မြင်နေဆဲ၊
စွဲပျောက်မကွယ်။　။

*　သန့်သန့်ငယ်စင်စင်၊ မက်မြင်သည်နက်နဲ၊
အိပ်မက်ရယ် ကမ္ဘာထဲက၊ ထူးကဲသည့် တွေ့အကြုံ၊
ချစ်လွမ်းဖွယ့်ကြူဌာရုံလျှင်၊ စိတ်မှာမှုန်ပျက်လွင့်ပြေးရှော့၊
မောင်းတော့လုအဟန်၊ ပြောင်းလဲမှု တစ်တန်သည်၊
မတူပြန် တစ်မူခြားလေဟု၊ ဝိုးဝါးဝါး အသိဝယ်၊
သတိရယ် ပြုလေမိ။　။

*　ဤသည်ခဏ၊ ထိန်းမရဘဲ၊
စ၍သာငို၊ ပေါ်ဖရိုကို၊ ဖိုဖိုလှိုက်လှိုက်၊
တရှိုက်ရှိုက်နှင့်၊ စိုက်၍သာကြည့်ရင်း၊
ညည်းချင်းစကား၊ မရှက်အားနိုင်၊ မြွက်ကြားလှိုင်တော့၊
ငိုင်ငိုင်ရယ်မှ ကုပ်ကုပ်၊ မလှုပ်မရှား၊ စကားလည်းမဆို၊
စိုးရိမ်စိတ် သူပို၍ လက်ကိုပူးယှက်၊
ဒူးထောက်လျက်က၊ ချစ်မက်သနား၊ မျက်လုံးများနှင့်၊
သက်ထားငဲ့ဒါရှု၊ မနိုးမူ အိပ်မက်တုန်းဟု၊
ဘုန်းတွက် ထင်၏။　။

www.burmeseclassic.com

www.burmeseclassic.com

"Ah, Porphyro!" said she, "but even now
Thy voice was at sweet tremble in mine ear,
Made tuneable with every sweetest vow;
And those sad eyes were spiritual and clear:
How changed thou art! how pallid, chill, and drear!
Give me that voice again, my Porphyro,
Those looks immortal, those complainings dear!
Oh, leave me not in this eternal woe,
For if thou diest; my Love, I know not where to go."

www.burmeseclassic.com

www.burmeseclassic.com

## (၃၅)

*   “ပေါဖရိုရယ်လေ…”၊ ပြောချိုချို မက်ဒလင်းက၊
အိပ်မက်တွင်း ပမာပုံသို့၊ နှစ်လွှာမုံ နှုတ်ငုံပွင့်လို့၊
ရင်ဖွင့်ဆို။ ။

*   “ချိုချိုနှင့်တုန်ယင်၊ မောင့်သံလွင် နှမနားမှာ၊
ခုများထိ ကြားဆဲထင်၊ ပျောင်းညင်ညင် သစ္စာထား၊
မောင့်စကား ဂီတသံ၊ ဝဲပျံကာလေမှာညွန့်၊
မြူးကွန့်ဆဲကို။ ။

*   ဆွေးမြည့်သလိုလို၊ မောင့်မျက်လုံး သဒ္ဒါပိုခဲ့၊
တဏှာဆိုမြူမရိပ်၊ ဖိတ်ဖိတ်ကဲ့လဲ့ရှင်၊
အစင်ကြီး စင်ပါခဲ့၊ ခုတွင်ခါ ဘယ်အကြောင်းနှင့်၊
အပြောင်းကြီး ပြောင်းသလဲမောင်၊
ကိုယ်ရောင်ရယ်ဖြူဖျော့၊
အေးစက်ပေါ့ ကျောက်ရုပ်သွင်၊ မရှင်ရယ်ညှိုး၊
အဖြစ်မျိုးဆန်းရန်ပိုသည် ဘယ်လိုနှင့်ဘယ်ပုံရှင့်။ ။

*   ပြန်ပေးပါ နှမကို၊ မောင့်သံချို ထိုထိုများ၊
နတ်သားတဲ့ မောင့်ရုပ်သွင်၊ ချစ်ခင်ဖွယ် မြွက်ကြား၊
အယူခံတဲ့ မောင့်စကားတွေ၊ ပစ်မထားပါနှင့် နှမကို၊
ထာဝရဆို ဒုက္ခတွင်း၊ ချစ်သူကင်း ဘဝမှာ၊
ဤလူ့ရွာ မောင်စွန့်သွားလျှင်လ၊
သက်ထားရဲ့ မောင်ကြီးရှင်၊
နှမခင် ဘယ်ဆီများ၊ သွားရမည်ထင့်”။ ။

www.burmeseclassic.com

Beyond a mortal man impassioned far
At these voluptuous accents, he arose,
Ethereal, flushed, and like a throbbing star
Seen'mid the sapphire heaven's deep repose;
Into her dream he melted, as the rose
Blendeth its odor with the violet,-
Solution sweet: meantime the frost-wind blows
Like Love's alarum, pattering the sharp sleet
Against the window-panes; St. Agnes' moon hath set.

www.burmeseclassic.com

(၃၆)

*  သစ်သစ်သာ နှိုးတော့တယ်၊ ချစ်မျိုးစဉ်လာထင့်၊
ခင်ကညာ သမုဒယစကားတွေကြောင့်၊
လူသား ဝေဒနာတက်၊ ရမ္မက်ဝင်သည် ဘာဝထက်၊
သူကလွန်။ ။

*  နီလာရောင်တင့်၊ ကောင်းကင်မြင့်ဘုံ၊
ခိုလှုံစံပယ်၊ နက်ရှိုင်းစွ အာကာနယ်မှာ၊
ငွေကြယ်တစ်ပွင့်၊ ဖျတ်ဖျတ်ကယ် ဝင့်သည်သို့၊
မြေနှင့်မတန်၊ မိုးရပ်ဆန်သည်၊
နတ်ဟန်ငယ် ကိုယ်ရောင်ထွန်းသည်၊
ရွှန်းစက်ဝှန်ဝှန်။ ။

*  ခရမ်းရောင်လှ ယမကာတွင်
နှင်းဆီယဉ် ရနံ့အေးက၊
ပျံ့မွေးကာ စိမ့်ဝင်ရောသလိုပ၊
ချစ်သောသူ မက်ဒလင်း၏၊
အိပ်မက်တွင်း သူဝင်ပါလို့၊
အရည်လျှင်ပျော်ကာရောလေ၏၊ တဘောကဤသို့ညွှန်း၊
ပြောမွန်သည် ပုံထိုက်။ ။

* ထိုစဉ်တွင်းမှာလ၊ 'ချစ်ကင်းသည်' အန္တရာယ်ဘေးကိုတဲ့၊
အချိန်မီ အချက်ပေးသလိုပ၊
လေအေးကျဉ် တိုးဝင်တိုက်တော့၊
ထိခိုက်ခဲ့အတန်တန်၊ ရေခဲမှုန် အဆန်တွေကြောင့်၊
ပြတင်းမှန် တဖြောက်ဖြောက်နှင့်၊
လှန့်ခြောက်သည့်အသွင်၊
မယ့်သခင် အဂ္ဂနစ်၊ အကြိုခေတ် လမင်းပင်၊
ငုပ်ဝင်ပြီး တွယ်တာလျှိုးတယ်၊ စိုးခဲ့မှောင်တိုက်။ ။

www.burmeseclassic.com

Tis dark: quick pettereth the flaw-blown sleet.
"This is no dream, my bride, my Madeline!"
'Tis dark: the iced gusts still rave and beat:
"No dream, alas! alas! and woe is mine!
Porphyro will leave me here to fade and pine.
Cruel! what traitor could thee hither bring?
I curse not, for my heart is lost in thine,
Though thou forsakest a deceived thing;-
A dove forlorn and lost with sick unpruned wing."

## (၃၇)

* "ကြင်သက်လျာငယ်၊ ပြင်ဘက်မှာ မှောင်နေပြီကွယ့်၊
လေဆောင်ပြင်းထန်၊ ရေခဲသီး မှန်သံက၊
တစ်ရံမပျက်၊ ဆက်၍ငယ် တဖြောက်ဖြောက်၊
တံခါးတဲ့ ခေါက်ဟန်ကို၊
တစ်ပါးခင် နားတော်ပေါက်လို့၊
ကြားလောက်ထင်။ ။

www.burmeseclassic.com

www.burmeseclassic.com

* ဖူးစာရှင် မက်ဒလင်းရဲ့၊အိပ်မက်တွင်းမဟုတ်ဘူးကွယ်၊
အရောင်ရယ်မွဲ၊ အမှောင်နယ် ကဲနေတုန်း၊
ရေခဲသည့် လေပြင်းဟုန်၊ ဒေါသူပုန် သူဟီး၊
လှိုင်းကြီးများ လှိမ့်တက်သလို၊
သိမ့်သိမ့်ကို မြည်ခြိမ်းလို့၊
ဟိန်းနေရဲ့ခင်”။ ။

* “အလိုရှင် မြတ်ဘုရား၊ အိပ်မက်များ မဟုတ်ဘူးနော်၊
ချစ်ဦးသူ ပေါဖရိုငယ်၊ နှမကို နွမ်းခွေအား၊
လွမ်းမြေမှာ ကျွမ်းစေသားလို့
ရှောင်ရှားကာ မောင်ကွယ်လျှိုးတော့၊
ကိုယ်ကျိုးကြီး နည်းအံ့ထင်၊ ရက်စက်ပေ့ သခင်ရယ်၊
ဘယ်သူလျှင် သစ္စာဖောက်လို့၊
သည်ရောက်အောင်ထိ ခေါ်ကာငင်၊
ချဉ်းနင်း ဝင်စေပါလိမ့်။ ။

* ဩော်...ကျိန်ဆဲလို့ပြစ်တင်၊ မလုပ်ချင်ပါတော့၊
မယ့်သခင် မောင်တစ်ဘုန်းက၊ မယ့်နှလုံး သိမ်းကျုံးယူ၊
မင်းမူခဲ့ပြီကော၊ ချစ်ရသော မယ့်မှာသာ၊
အားနွဲ့ကာ ယဉ်မလှ၊ အတောင်ပံ အမျှင်ပွသည့်၊
ဒုက္ခသည် ချိုးငှက်၊ ဘဝပျက်သဏ္ဍာန်၊
လှည့်စားခံ မယ်တစ်ပါးကို၊
တစ်နယ်စံ မောင်စွန့်ထားလို့၊
စိမ်းကားလေချိမ့်”။ ။

www.burmeseclassic.com

www.burmeseclassic.com

My Madeline! sweet dreamer! lovely bride!
Say, may I be for aye thy vassal blest?
Thy beauty's shield, heart-shaped and vermeil-dyed?
Ah silver shrine, here will I take my rest
After so many hours of toil and quest,
A famished pilgrim-saved by miracle.
Though I have found, I will not rob thy nest,
Saving of thy sweet self; if thou think' st well
To trust, fair Madeline, to no rude infidel,

(၃၈)

* “လှအိပ်မက် သခင်ရယ်၊ ဘဝကြင်ဖော် မောင်ထင်ရဲ့၊
ဖူးစာရှင် ရုပ်ရည်ထူးပါတဲ့၊ ချစ်ဦးသူ၊ ။
* အသက်ကို နှင်းထား၊ မင်းအပါးက၊
တစ်ဖဝါးမခွာ၊ မေတ္တာစေကျွန်၊
သစ္စာဝန်ထမ်း၊ လုပ်စမ်းပါရစေ၊

www.burmeseclassic.com

စန်းငွေတမျှ၊ မင့်အလှ၏၊ ရှေ့ကဆီးတား၊
နှလုံးသားသဏ္ဍာန်၊ ဟသ်ာပြဒါးရောင်လျှံပါဘိ၊
လက်နက်ခံ ကာသည့်ဒိုင်း၊ မဆိုင်းဘဲ ဖြစ်ပါရစေ၊
ချစ်နှမ မောင့်သည်းအူရယ်၊ ကြည်ဖြူစွာမနေး၊
အခွင့်ရယ် ပေးပါတော့၊ လေးမြတ်ပန်ယူ။။

* ဩော်...ပင်ပင်ပန်းပန်း၊
တစ်စခန်းဝင် တစ်စခန်းထွက်၊
နေ့ရက်နာရီ၊ ကြာပြီသည့်အဆုံး၊ အားနုံးလို့ပြတ်၊
အစာငတ်တစ်တန်၊ အဓိဋ္ဌာန်နှင့်ခရီးသွား၊
ကဲ့အလားသို့၊ ကံများရယ် ကူပါမှ၊
ဂူသာခွာ လျှို့ဝှက်နန်းသို့၊
လှမ်းဝင်မိ ပမာတူ၊ ကိုယ်မူလည်း ဤသို့။ ။

* မောင့်မက်ဒလင်း၊ ပပဝင်းသည့်၊
ငွေဆင်းသာခွာ၊ လိုဏ်နန်းသာရယ်၊
သည်မှာကွယ့် မခွာတမ်း၊ ကိုယ်နားစမ်းတော့မည်၊
ကိုယ်မှန်းသည့် ရတနာ၊
ကိုယ့်ဘာသာ ရှာဖွေတွေ့ပေမယ့်
ချောမွေ့သည့် မင့်ခန္ဓာ၊ မင့်စက်ရာ မြို့အသိုက်၊
မိုက်မိုက်ကယ် ကန်းကန်း၊
ကိုယ်ဘယ်မှာ ရမ်းခဲ့သနည်း၊
တွေးစမ်းပါ့ ရေလည်လည်၊
ယုံကြည်ပါ ကိုယ်မရိုင်းတယ်၊
နှိုင်းရှည့်မြင်လို့”။ ။

www.burmeseclassic.com

www.burmeseclassic.com

"Hark!' tis an elfin-storm from faery land,
Of haggard seeming, but a boon indeed:
Arise-arise! the morning is as hand;-
The bloated wassailers will never heed;-
Let us away, my love, with happy speed;
There are no ears to hear, or eyes to see,-
Drowned all in Rhenish and the sleepy mead:
Awake! arise! my love, and fearless be,
For o'er the southern moors I have a home for thee."

www.burmeseclassic.com

www.burmeseclassic.com

## (၃၉)

*  “အလို…ရွှေနားစိုက်၊ ကြားလိုက်စွသခင်၊
ဝိညာဉ်မြေ ဟိုတစ်လွှားမှ၊
ရွှေ့လျား မြည်အော်လာသည့်၊
သူငယ်တော် နတ်မုန်တိုင်းက၊ ရစ်သိုင်းဆင်။ ။

*  ညိုမှုန်လို့ ကြမ်းရိုင်းပါ၊ သည်တိုင်း ထင်ဖွယ်ရာလည်း၊
အမှန်မှာ ဘုရာပေးသည့်၊ ခွင့်အရေးနော်၊
ခင်လေးရေ…ထပါတော့၊ ထရော့ကွယ် အမြန်၊
မိုးသောက်ယံ အရုဏ်ကျင်း၊ လင်းလုပေါ့ထင်။ ။

*  ဗိုက်ကြီးတွေပူ၊စူစူငယ်ရွဲရွဲ၊
ယစ်ပွဲပျော်အရက်အိုးတို့၊ ဘယ်လိုမျိုးမှ မသိနိုင်ပြီ၊
ပိုင်ပိုင်ရယ် မနှေး၊ မြိုင်မြိုင်ကွယ် ပြေးကြစို့၊
အရေးလှ ခွင့်သင့်စဉ်မှာ၊ သခင်ရယ် ပြေးပါစို့။ ။

*  ကြားလေမည့် နား၊ မြင်သွားမည့် မျက်စိ၊
တစ်ခုမျှ မရှိပြီ၊ ရိုင်းနယ်ဆီက ဝိုင်နှင့်၊
ကြိုင်ချိုသည့် မိ(ဒ်)အရက်ကြောင့်၊
တစ်ချက်မျှ ခေါင်းမဖော်၊ မူးမြစ်မှာ နစ်တော်မူကြ၊
ထူထပ့် မောင့်ချစ်သူ၊ ရဲစိတ်ကယ် လူစမ်းပါ၊
အလှမ်းကွာဟိုတောင်ပိုင်း၊ တောဝိုင်းတဲ့ဥယျာဉ်မြေမှာ၊
လှသက်ဝေ စံပျော်မြန်းဖို့၊ ရွှေနန်းအိမ် မောင့် ရှိပြီးပြီ၊
ဟီးနေသည်မို့”။ ။

www.burmeseclassic.com

www.burmeseclassic.com

She hurried at his words beset with fears,
For there were sleeping dragons all around,
At glaring watch, perhaps, with ready spears-
Down the wide stairs a darkling way they found;
In all the house was heard no human sound.
A chain-drooped lamp was flickering by each door;
The arras, rich with horseman, hawk, and hound,
Fluttered in the besieging wind's uproar;
And the long carpets rose along the gusty floor.

www.burmeseclassic.com

www.burmeseclassic.com

## (၄၀)

*  ချစ်သူရယ်လေ၊ လျစ်လျူငယ် မရှုအားပါဘု၊
သူ့စကား ပန်ဆင်လျက်၊ အမြန်ပင် မက်ဒလင်း၊
ချက်ချင်းငယ် ပြင်ရ၊ ရင်ဝခုန်။ ။

*  ရဲတိုက်ကြီးပတ်ပတ်လည်၊
အိပ်ပျော်မည် အိပ်ပျော်ကောင်း၊
ဖြစ်တောင်းဖြစ်တန်ရာလည်း၊ ကေန်မူ စိတ်မချ၊
သြော်...မတော်တဆ၊ နိုးထခိုက်ကြုံနေလျှင်၊
မျက်လုံးစုံ အရောင်တောက်၊ စောင့်ရှောက်ခဲ့အမြဲ၊
သူရဲရွှေလှံကိုင်နှင့်၊ ရင်ဆိုင်ရယ်တိုးမှာမျိုး၊
စိုးကြောက်လို့တုန်။ ။

*  နှစ်ကိုယ်ယှဉ်တယ်၊ လှေကားကျယ်အောက်အဆုံး၊
အမှောင်ဖုံးသည့် လမ်းတစ်သွယ်ကို၊
အသင့်ရယ်တွေ့လေကြ၊ အိပ်မွေ့ချဒဏ်
သင့်၍ခံသို့၊ လူသံရယ်ဆိတ်ဆိတ်၊ တိတ်ပါဘိအမျိုး၊
သံကြိုးနှင့်ဆွဲချိတ်၊ တံခါးထိပ်အဝတိုင်းက၊
ဆိုင်းချထားသည့် မှန်အိမ်တွေ၊ မငြိမ်လေမီးညွှန့်များက၊
လှုပ်ရှားလို့ မှုန်မှုန်၊ ကစားလို့ နေကုန်သည်၊
လေဟုန်ဝင်တိုးပါလို့။ ။

*  မြင်းစီးသူနှင့် သိန်းငှက်ရဲ၊ အမဲလိုက်သည့်ခွေး၊
အပြေးပါဝင်လျက်၊ တောထွက်ကစားခန်း၊
အစွမ်းပြလက်ရက်၊ ပိတ်ထက်က ပန်းချီ၊
နံရံဆီဖျတ်ဖျတ်လှုပ်၊ ဝိုင်းအုံကာလေမှုတ်တော့၊
ရုတ်ရုတ်ကယ် ရက်ရက်၊ ကြမ်းပြင်ထက် တစ်ကြော၊
လေပြင်း ဝင်ပွတ်ကာလျှောတော့၊
ကော်ဇော်ရှည်ကုန်းကာထတယ်၊ ဖောင်းကြွမို့မို့။ ။



www.burmeseclassic.com

They glide, like phantoms; into the wide hall;
Like phantoms, to the iron porch they glide,
Where lay the Porter, in uneasy sprawl,
With a huge empty flagon by his side:
The wakeful bloodhound rose, and shook his hide,
But his sagacious eye an inmate owns:
By one, and one, the bolts full easy slide:-
The chains lie silent on the footworn stones;

www.burmeseclassic.com

www.burmeseclassic.com

## (၄၁)

*　အရိပ်ကဲ့တစ္ဆေပေ၊ တိတ်တိတ်လေ ခန်းမတွင်း၊
ကပ်ချဉ်းဝင်ကာရောက်၊ ကိုယ်ပျောက်ဟန်။ ။

*　ထိုကမှတစ်တန်၊ ဗိတာန်ရယ်စွန်းကာအုပ်၊
သံမှတ်ဝတိတ်တိတ်ပင်၊ တစ္ဆေလျှင်ရောက်ပြန်ကြ၊
တကတဲ…သည်ကျမှ၊ ရှုမလှ လဲမှောက်ခုံ၊
ကျွန်ယုံလေ တံခါးစောင့်၊ ကြောင့်ကြမဲ့ သူ့ဖြစ်အင်၊
သူ့ဘေးတွင် သေတကောင်းက၊
ဟောင်းလောင်းကြီး အရက်ပြောင်၊
မူးသယောင် သူ့ပုံပဲ၊ လဲ့ခဲ့မြေယံ။ ။

*　လူနံ့ခံသုံးလေကြ၊ ရောမခွေကြီးမူ၊
မအိပ်သူဘာဝ၊ လျှောင်းရာမှ ထတဲ့ပြီး၊
သူ့ကိုယ်ကြီးအမွေးခါ၊ သို့ရာတွင် တစ်ခဏ၊
စွမ်းပါးလှ သူ့အသိ၊ သူ့မျက်စိခွဲကာခြား၊
ဒေါသမာန်ဘယ်မပွားဘဲ၊ အိမ်သားကို မှတ်ကာမိတော့၊
လွှတ်ဘိခဲ့တစ်ရန်၊ အန္တရာယ်မရှိ။ ။

*　တစ်ခုပြီး တစ်ခုလေ၊ မင်းတုပ်တွေ ဖယ်ပါရ၊
လွယ်သည်တော့ အလွယ်သား၊
ခြေရာများနှင့် ချိုင့်ဟောက်၊
အခင်းကျောက် အထက်မှာ၊
သက်သာသာ လူမနိုးအောင်လို့၊
သံကြိုးတွေချကြပြီး၊ သော့ကြီးကို လှည့်ဖွင့်တော့၊
အဆင်သင့်ပါ့ကွယ်၊ တံခါးရယ် ပတ္တာထက်၊
ညည်းလျက်လည် အံကြိတ်ခဲလို့၊ ကွဲပွင့်လေ၏။ ။

www.burmeseclassic.com

They key turns, and the door upon its hinges groans.
And they are gone: aye, ages long ago
These lovers fled away into the storm.
That night the Baron dreamt of many a woe,
And all his warrior-guests with shade and form
Of witch, and demon, and large coffin-worm,
Were long be-nightmared. Angela the old
Died palsy-twitched, with meager face deform;
The Beadsman, after thousand aves told,
For aye unsought-for slept among his ashes cold.

www.burmeseclassic.com

www.burmeseclassic.com

(၄၂)

*    သွားကြ…သွားကြပေါ့ကွယ်၊
နှစ်ပါးကြင်သူတို့၊ ယှဉ်အတူ ဆုတ်မဆိုင်းလေဘု၊
မုန်တိုင်းနယ် ပြေးဝင်ရောက်လို့၊ မှုန်ပျောက်ကွက်။။

*    ဝေးဝေးဟိုဆီ၊ ရှေးရှေးပဝေဏီက၊
လွမ်းပန်းချီ ချစ်ဇာတ်လမ်း၏၊
ဆုံးခန်း၌ဝယ်။

*    ရဲတိုက်ကြီးသခင်၊ ထိုညတွင် အိပ်မက်ဆိုး၊
အမျိုးမျိုးဆက်တိုက်မြင်၊ သူတွင်ပင်ဘယ်မက၊
ကြွလာကြည့်သည်တော်၊ သူရဲကျော်အကုန်ပဲ၊
အိပ်မက်ထဲ စုန်းတွေမြင်၊ တစ္ဆေလျှင် သူခြောက်၊
ကြောက်စရာ အကြောင်းဇာတ်၊
ခေါင်းစပ်သည့် ဝက်အူကြီးတဲ့၊
ဘီလူးစီးညလုံးကုန်နှယ်၊ ဆုံးတယ်ဖြင့် ဘယ်မရှိ။ ။

*    သွက်ချာရယ်ပါဒ၊ ဖြတ်ချလို့ တွန့်လိမ်၊
မျက်နှာပိန် ရှုမလှတော့၊ အိုမင်းစွ အိန်ဂျလာ၊
ထိုညမှာ ကွယ်လွန်ခဲ့၊ ဆုမွန်ရယ်ကောင်း၊
တောင်းတတ်သည့် သူတော်ကြီးမူ၊
ပုတီးပတ် တစ်ထောင်ကျော်၊
စိပ်ပြီးသော် တာဝန်ဆုံး၏၊
ဘယ်တုန်းကမှ သူ့ကိုရှာ၊ ဆက်ဆံလာ သူမရှိတော့၊
လောက၏ အပယ်ခံ၊ သူ့ထုံးစံ မူမပျက်ဘဲ၊
အေးစက်လို့ အပူကုန်သည့်၊
ပြာပုံခေါ် မွေ့ရာကောင်းမှာ၊
လျောင်းစက်ပျော်၏။ ။

www.burmeseclassic.com